# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၁၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

# အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်

## ယှဉ်ပြိုင်ရသည့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင်ကြိုးစားပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ကျင်းပသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲသည် နိုင်ငံတော်က ချမှတ်ထားသည့် **"တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်ကို တပ်မတော်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အပိုင်းရှိ တာဝန်ရှိသူများက လိုအပ်သည့်ဖြည့်ဆည်းမှုများကို စီမံဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ တပ်မတော်သား အားကစားသမားများအနေဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကစားသမားကောင်းစိတ်ဓာတ်အပြင် အဖွဲ့အစည်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းဆောင်ရွက်တတ်ခြင်း စိတ်ဓာတ်များကို မွေးမြူသွားရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား၌ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*


**ယနေ့** *ဖတ်စရာ*

**အမျိုးသားရေးအတွက် အမျိုးသားနေ့** — ဆောင်းပါး စာ - ၆

**တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ မျက်နှာချင်းဆိုင်တွေ့ဆုံ** — နိုင်ငံတကာသတင်း စာ - ၁၃

**အာဆီယံဒေသတွင်းရှိ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် ဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်စာအုပ်ကို Website များတွင် လွှင့်တင်ထားရှိ** — စီးပွားရေးသတင်းများ စာ - ၁၄

# အမြဲတမ်းတည်ရှိနေမည့် တိုင်းပြည်အတွက် အား

အကြမ်းဖက်ဖောက်ခွဲမှု၊ သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများ၊ အုပ်စုဖွဲ့ခါးပိုက်နှိုက်၊ လုယက်လူသတ်မှု ကျူးလွန်ခဲ့သူများကို ပြည်သူများ၏ သတင်းပေး ပူးပေါင်းပါဝင်ကူညီမှုများဖြင့် အစုလိုက် အပြုံလိုက်၊ တစ်မှုပြီးတစ်မှု ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသည်။ ဤသည်မှာ အကြမ်းဖက်မှုကို မလိုလားသော၊ ရပ်ရွာအေးချမ်းသာယာ တည်ငြိမ်မှုကိုသာ လိုလားသော ပြည်သူလူထု၏ သဘောထားကို ထင်ထင်ရှားရှား ပြသနေခြင်းပင်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ ထွက်ပြေး တိမ်းရှောင်နေကြသူများက မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေစေရန်၊ ဖြစ်နိုင်ပါက ပြည်တွင်းစစ်မီး တဟုန်းဟုန်းတောက်လောင်ပြီး အလုံးစုံပျက်သုဉ်းစေရန်အထိ ရည်ရွယ်ကာ ပြည်ပမှနေ၍ သွေးထိုးလှုံ့ဆော်မှုများ၊ အဖျက်လုပ်ရပ်များအတွက် အားပေးထောက်ပံ့မှုများ ပြုလုပ်လျက်ရှိကြသည့်အပြင် ဘုရားဖူး၊ ခရီးသွား၊ ပျော်မွေ့ရွှင်မှုတို့ မပြုလုပ်ကြရန် ပိတ်ပင်မှု၊ ခြိမ်းခြောက်မှုတို့ ပြုလုပ်ခဲ့ကြသည်။ ပြည်တွင်း၌ရှိနေသည့် ၎င်းတို့၏ နောက်လိုက်အကြမ်းဖက်အုပ်စုများကလည်း သာသနိက နယ်မြေအတွင်းမှာပင် ဘုရားဖူးခရီးသည်တို့ကို ပစ်ခတ်သတ်ဖြတ်ပြခဲ့သည်။ သို့စေကာမူ ပြီးခဲ့သည့် ကထိန်ရာသီ၊ တန်ဆောင်တိုင်ပွဲတော်ကာလ၊ ကျောင်းပိတ်ရက် ရုံးပိတ်ရက်ကာလတွင် ဘုရားကျောင်းကန် စေတီပုထိုးများ၌ ကုသိုလ်ဘာဝနာပြုသူများနှင့် စည်ကားခဲ့သည့်အပြင် အပန်းဖြေစရာနေရာများ၌လည်း ပျော်ရွှင်စွာ အပန်းဖြေသူများနှင့် စည်ကားခဲ့သည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ပြည်တွင်းနိုင်ငံရေး အခြေအနေများ၏ ရိုက်ခတ်မှုများကြောင့် စီးပွားရေးအရ ရုန်းကန်အားထုတ်ကြိုးပမ်းနေရမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှု၊ လုယက်သတ်ဖြတ်မှုများ ရှိနေသည့်တိုင် မြန်မာပီပီ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းကာ အပေါင်းလက္ခဏာဆောင်သည့် အပြုအမူများဖြင့် နိုင်ငံအတွင်း အေးချမ်းတည်ငြိမ်မှုကို နိုင်ငံသူ နိုင်ငံသားတို့က ထိန်းသိမ်းမြှင့်တင်ခဲ့ကြခြင်းသာဖြစ်သည်ဟု ရှုမြင်မိသည်။ ထို့အပြင် တည်ငြိမ်အေးချမ်းမှုရှိမှသာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ လက်ရှိမိမိတို့အားလုံးဖြတ်သန်းနေကြရသည့် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေရသည့် လုပ်ငန်းစဉ်များမှာလည်း ချောမွေ့နိုင်မည်ဖြစ်သည်။

"ယခုဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေမှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေဖြစ်သဖြင့် အခြေအနေချင်း မတူညီကြောင်း၊ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်ကြောင်း၊ တပ်မတော်သည် အမြဲတမ်းတည်ရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းတည်ရှိနေမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ်ကြောင်း၊ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂) တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏ အနာဂတ်ကို အကောင်းဆုံး၊ အလှပဆုံး ပုံဖော်ထုဆစ်နိုင်ရန်အတွက် နိုင်ငံတွင် အမြဲတမ်းတည်ရှိနေမည့် အင်အားစုများဖြစ်သော ပြည်သူနှင့် တပ်မတော်တို့ စုစည်းညီညွတ်စွာဖြင့် ဦးထမ်းပွဲထမ်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။

★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။

★ အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။

★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

( ၁၇ - ၁၁ - ၂၀၂၂ )

## အိမ်မဲမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ (ထက်၊ လယ်၊ မူ) ပြိုင်ပွဲ ကျင်းပ

**အိမ်မဲ နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပညာရေးဦးစီးဌာနက ဦးစီး၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကျရောက်မည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ (ထက်၊ လယ်၊ မူ) ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ပညာရေးမှူးရုံး၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားအောင်ပွဲနေ့ တို့မမေ့"၊ ကဗျာပြိုင်ပွဲတွင် "အမျိုးသားနေ့ မမေ့မြဲအစဉ်" ခေါင်းစဉ်များကို မြို့နယ်ပညာရေးမှူးရုံး၌ကျင်းပပြီး (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ပန်းချီပြိုင်ပွဲကို အ.ထ.က (၂) ပညာ့ဗိမာန်ခန်းမ၌ "နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့" ခေါင်းစဉ်ဖြင့် ကျင်းပရာ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို နိုဝင်ဘာ ၁၇ ရက် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မတိုင်မီ နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင်လည်း ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခြင်းလုံးခတ်ပြိုင်ပွဲ၊ ဖူဆယ်အားကစားပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

## ရှမ်းရွာသစ်မြို့တွင် (၁၀၂)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အကြိုအထိမ်းအမှတ် ပြပွဲပြိုင်ပွဲများကျင်းပ

**ရှမ်းရွာသစ် နိုဝင်ဘာ ၁၄**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့၌ ကျောင်းသား ကျောင်းသူလေးများ မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များ အကြောင်း သိရှိစေရန်၊ ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာကြည့်တိုက်သို့ လာရောက်သည့် အလေ့အကျင့် ရှိစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၁၇ ရက်တွင် ကျရောက်မည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုသောအားဖြင့် ပြပွဲပြိုင်ပွဲများ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မိုးအေးက ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန်၊ မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များကို ကျောင်းသား ကျောင်းသူများ အစဉ်အမြဲ အောက်မေ့သတိရစေရန် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူလတန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ရုပ်ပုံပြ ပုံပြင်ပြောပြိုင်ပွဲများကို ပြုလုပ်ပေးပြီး ဗဟုသုတရရှိရန်အတွက် စာအုပ်စာစောင်များ ခင်းကျင်းပြသပေးခြင်းနှင့် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများပါဝင်သည့် နံရံကပ်စာစောင်များကိုလည်း ပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တနင်္သာရီတိုင်းဒေသကြီး မြိတ် - ထားဝယ် ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူစဉ်။

*❍ ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်၍ လွှတ်တင်

ဦးစွာ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက် နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများကို ဖဲကြိုးဖြတ်၍ လွှတ်တင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်




တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများကို ဖဲကြိုးဖြတ်၍ လွှတ်တင်စဉ်။

စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကိုခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲ အမှာစကားပြောကြားရာတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပလာခဲ့သော်လည်း လွန်ခဲ့သည့်နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းမြင့်မားမှုများကြောင့် ရပ်နားထားခဲ့ရကြောင်း၊ ယနေ့အချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ယခုပြိုင်ပွဲကြီးကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ကျင်းပပေးခြင်းပင်ဖြစ်ကြောင်း။

**❖ အားကစားကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဟူသည့် အသိတရားမွေးမြူပြီး မလျှော့သော ဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်**

**❖ အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ၏ ကောင်းမွေများကိုခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ် အားကစားသမားများအတွက် စံနမူနာပြလက်ဆင့်ကမ်း အမွေပေးနိုင်အောင်ကြိုးစား**

**❖ စစ်သားကောင်း၊ အားကစားသမားကောင်းပီသသည့် စိတ်ဓာတ်များဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ ပုံရိပ်ကိုမြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင်ကြိုးစား**

## အကောင်းဆုံးအသုံးချယှဉ်ပြိုင်

ယခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် အားကစားနည်း (၁၀) မျိုးကို ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး အဆိုပါအားကစားနည်းများသည် မိမိတို့ တပ်မတော်သားများ၏ ကိုယ်ကာယကြံ့ခိုင်မှု၊ ဇွဲသတ္တိရှိမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းသည့်ပြိုင်ပွဲတစ်ခုလည်း ဖြစ်ကြောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများမှ တစ်ဆင့် ထူးချွန်သည့်အားကစားသမားများကို နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများအဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ကျင်းပသည့်ပွဲဖြစ်သောကြောင့် မိမိတို့တွင်ရှိသည့် အစွမ်းအစများကို အကောင်းဆုံး အသုံးချယှဉ်ပြိုင်သွားကြရန် ဦးစွာ တိုက်တွန်းမှာကြားလိုကြောင်း။

## နိုင်ငံတော်၏ဂုဏ်ကိုမြှင့်တင်

မိမိတို့ တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော်အားကစားကော်မတီများကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ တပ်မတော်သား အားကစားသမားများ၏ အရည်အသွေးများ ပိုမိုထက်မြက်လာစေရန်နှင့် အားကစားကိုဝါသနာပါသည့် တပ်မတော်သားများ စနစ်တကျ လေ့လာနိုင်စေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် အားကစားနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အသင်းများတွင် သွေးသစ်လောင်းနိုင်သည့် မျိုးဆက်သစ်အားကစားသမားများကို မွေးထုတ်ပေးနိုင်ရေး နှစ်စဉ်အားကစားပြက္ခဒိန်ကိုရေးဆွဲပြီး တိုင်းစစ်ဌာနချုပ်များအလိုက် ပြိုင်ပွဲများကို ကျင်းပစေလျက်ရှိကြောင်း၊ **အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်သောကြောင့် မိမိတို့ယှဉ်ပြိုင်ကြရမည့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများ ရရှိအောင်ကြိုးစားပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။**

## အချင်းချင်းစည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေ

အားကစားပြုလုပ်ခြင်းကြောင့် ရရှိသည့် ပထမဆုံးအကျိုးကျေးဇူးသည် မိမိတို့၏ တစ်ကိုယ်ရေကျန်းမာရေး ကောင်းကျိုးပင်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အသင်းအဖွဲ့နှင့် ကစားရသည့်ပြိုင်ပွဲများတွင် အချင်းချင်းစည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေပြီး စုပေါင်းစိတ်ဓာတ်ကိုရရှိစေခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် ပြိုင်ပွဲများမှ အားကစားနည်းများသည် တပ်မတော်သားများနှင့် ကိုက်ညီသည့် အားကစားနည်းများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး

*စာမျက်နှာ ၄ သို့*





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က) အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။**

*စာမျက်နှာ ၃ မှ*

တာဝန်ထမ်းဆောင်နေကြရသည့် မိမိတို့တပ်မတော်သားများသည် ကျန်းမာကြံ့ခိုင်မှု အမြဲပြည့်ဝနေရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့၏ ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်မည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **ကျန်းမာအောင်နေ သန်စွမ်းအောင်လေ့ကျင့်** ဟူသည့်အတိုင်း စားသောက်နေထိုင်မှုကို ဂရုပြုနေထိုင်ကြရမည့်အပြင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် သက်လုံပြည့်ဝမှု ရရှိစေရေးအတွက် နည်းစနစ်မှန်ကန်စွာ စဉ်ဆက်မပြတ် အားထုတ် ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း။

အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန် တစ်ရပ်လည်း ဖြစ်လာနေပြီကို ပြောကြားလိုကြောင်း၊ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်ကြောင်း၊ အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသား ဖြစ်စေခဲ့ကြောင်း။

**အမျိုးသမီးပွဲစဉ်များကိုပါထည့်သွင်း**

ယနေ့ကျင်းပမည့် ပြိုင်ပွဲဝင်အားကစားများ အနက် ပြိုင်ပွဲဝင် အားကစားတစ်မျိုးဖြစ်သည့် မြန်မာ့သိုင်းပညာရပ်သည် မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန် ထက်သန်မှု၊ ရဲရင့်ဖျတ်လတ်မှုနှင့် ကိုယ်ကာယကြံ့ခိုင်မှုများကို ပြသသည့် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း၊ အတိတ်ကာလက တိုင်းတစ်ပါးနယ်ချဲ့များကို ရှုပ်ရှုပ်ချွံချွံ ခုခံတွန်းလှန်ခဲ့သည့် မြန်မာ့သမိုင်းတွင် မြန်မာ့ဓားရေးအစွမ်းသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း မြန်မာ့သိုင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်ကစပြီး ထည့်သွင်းယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍတွင် အမျိုးသားများနည်းတူ ပါရမီဖြည့်ဖက်များ၏ ကဏ္ဍသည်လည်း အရေးပါလျက်ရှိခြင်းကြောင့် ပြေးခုန်ပစ်၊ ဂျူဒို၊ ဘော်လီဘော၊ သေနတ်ပစ် စသည့်ပြိုင်ပွဲများတွင် အမျိုးသမီး ပွဲစဉ်များကိုပါ ထည့်သွင်းယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရဲမေတစ်ဦးသည် ဂျူဒိုအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး တပ်မတော်သားများသာမက ပါရမီဖြည့်ဖက်ရဲမေများ၏ စွမ်းရည်များကိုပါ မြင်တွေ့ခဲ့ရသောကြောင့် အလွန်ပင် ဝမ်းသာဂုဏ်ယူကြောင်း။

တပ်မတော်အနေဖြင့် တိုင်းပြည်၏ အားကစားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး တပ်မတော်ဘောလုံးအကယ်ဒမီသင်တန်းကို ၂၀၁၅ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ယခုဆိုပါက သင်တန်းအမှတ်စဉ် (၃) အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အားကစားဟူသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် ၆ ချက်အပေါ်တွင် မူတည်လျက်ရှိသောကြောင့် အဆိုပါအရည်အသွေးများ ပြည့်ဝနေအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အသီးသီးမှတစ်ဆင့် မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြီး အောင်မြင်မှု ရရှိသူများဖြစ်အောင် ကြိုးစားကြရန်၊ အားကစားကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဟူသည့် အသိတရား မွေးမြူပြီး မလျှော့သော ဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်သွားကြရန်၊ အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၏ ကောင်းမွေများကိုခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ် အားကစားသမားများအတွက် စံနမူနာပြ လက်ဆင့်ကမ်းအမွေပေးနိုင်အောင် ကြိုးစားရန်၊ စစ်သားကောင်း၊ အားကစားသမားကောင်း ပီသသည့် စိတ်ဓာတ်များဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု**

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုပြီး ပြန်လည်ထွက်ခွာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(က)အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

**၂ ဂိုး – ၁ ဂိုးဖြင့် အနိုင်ရရှိ**

အဆိုပါ ပွဲစဉ်တွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည့် အသင်းများ ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ရေကုန်ရေခန်း အပြန်အလှန် ယှဉ်ပြိုင်ကစားခဲ့ကြပြီး သာမန်ပွဲကစားချိန်ပြီးဆုံးသည့်အချိန်တွင် တစ်ဖက် တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သောကြောင့် အချိန်ပိုဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အချိန်ပို ပထမပိုင်း ၁၄ မိနစ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းက တစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို ၂ ဂိုး –၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အားကစားပြိုင်ပွဲ ၁၀ မျိုး**

၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲ၊ ဂျူဒို (ကျား/မ) ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ဘော်လီဘော (ကျား/မ) ပြိုင်ပွဲ၊ မြန်မာ့သိုင်းပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲနှင့် သေနတ်ပစ် (ကျား/ မ) ပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၀ မျိုးကို ၂၅ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသထွက်မျှစ်များကို ထပ်ဆင့်တန်ဖိုးမြှင့်ပြီး အသင့်စားမျှစ်အစားအစာများထုတ်လုပ်

နေပြည်တော် နိုဝင်ဘာ ၁၄

**ပြည်ထောင်စုနယ်မြေ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product (OVOP)) လုပ်ငန်းဆောင်ရွက်နိုင်စေရန် မျှစ်အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာရှိ ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်းရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် ဦးကျော်သိန်းဆိုင်၊ အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မျှစ်အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (OVOP) လုပ်ငန်းစဉ်အတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု (OVOP) လုပ်ငန်းများ ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန် မှာကြားခဲ့ကြောင်း၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု (OVOP) လုပ်ငန်းများသည် ပြည်တွင်းပြည်ပဈေးကွက် ရရှိရန် ရည်ရွယ်၍ ကျေးရွာဒေသအလိုက် ထုတ်ကုန်တစ်မျိုးကိုအထူးပြုပြီး ဒေသအမည်ဖြင့် ထုတ်လုပ်ဆောင်ရွက်ခြင်းဖြစ်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံအပါအဝင် ဂျပန်၊ ကိုရီးယား၊ တရုတ်ကဲ့သို့သော နိုင်ငံ အတော်များများ၌လည်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (OVOP) လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို တွေ့ရှိရပါကြောင်း၊ ထိုကြောင့် ဒေသထွက် မျှစ်များကို ထပ်ဆင့်တန်ဖိုးမြှင့်ပြီး အသင့်စား မျှစ်အစားအစာများ ထုတ်လုပ်လာနိုင်မည်ဆိုပါက မျှစ်နှင့် ပတ်သက်၍ ဒေသအမှတ်တံဆိပ်တစ်ခု ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု (OVOP)ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ဇေယျာသီရိမြို့နယ် MSME အသင်းဥက္ကဋ္ဌ ဦးအောင်မိုးခိုင်နှင့် Naraindara (မျှစ်ခြောက်လုပ်ငန်း) တို့မှ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ အလှူငွေပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက တက်ရောက်သည့် သင်တန်းသား သင်တန်းသူများကို တွေ့ဆုံနှုတ်ဆက်ပြီး မျှစ်ခြောက်လုပ်ငန်းရှင် ဒေါ်နန်းခင်အုန်းက ပြည်ပပို့ကုန် (မျှစ်ခြောက်လုပ်ငန်း) ဆောင်ရွက်နေမှုနှင့် ဘမ်ဘူးဝါး ကုန်ထုတ် သမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက ဝါးလက်မှုပစ္စည်းများထုတ်လုပ်နေမှု၊ ဝါးစိုက်ပျိုးထုတ်လုပ်မှုကို ရှင်းလင်းပြသသည်။

အဆိုပါသင်တန်းသို့ ဇေယျာသီရိမြို့နယ် တဲကုန်းကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ပြီး နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သင်တန်းနည်းပြများက မျှစ်သနပ်ပြုလုပ်နည်း၊ မျှစ်ဆီစိမ်ပြုလုပ်နည်း၊ မျှစ်သုပ်ပြုလုပ်နည်း၊ မျှစ်ခြောက်ပြုလုပ်နည်းနှင့် မျှစ်ထုပ်ပိုးခြင်းနည်းပညာများကို နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၆ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၇ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၈ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၉ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးသန့် အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄



**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်နေသော ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်းများသို့ ရောက်ရှိပြီး အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိနေသည်များကို ကြည့်ရှုစစ်ဆေးကာ အာမခံအလုပ်သမားများနှင့် တွေ့ဆုံအားပေးသည်။ (ယာပုံ)**

ရွှေပြည်သာမြို့နယ်၌ အကျုံးဝင် အာမခံအလုပ်သမား ၁၂၀၀၀၀ ကျော်ရှိပြီး လူမှုဖူလုံရေးကဲဝဲလ် အထွေထွေရောဂါကု ဆေးခန်း (ရွှေပြည်သာ) ကို အောက်တိုဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ နိုဝင်ဘာ ပထမပတ်အထိ အာမခံအလုပ်သမား ၁၉၆၀၀၀ ကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ အလားတူမင်္ဂလာဒုံမြို့နယ်၌ အကျုံးဝင်အာမခံအလုပ်သမား ၉၆၀၀၀ ကျော်ရှိပြီး လူမှုဖူလုံရေးကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း (မင်္ဂလာဒုံ)ကို မတ် ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ နိုဝင်ဘာ ပထမပတ်အထိ အာမခံအလုပ်သမား ၁၆၀၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးခန်းများသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အာမခံအလုပ်သမားများ မကျန်းမမာဖြစ်ခဲ့ပါက အကျုံးဝင်အာမခံအလုပ်သမားများအနေဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများကို လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများအပြင် လူမှုဖူလုံရေးနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်နေသည့် ပုဂ္ဂလိကစာချုပ် ဆေးရုံ၊ ဆေးခန်းများတွင်ပါ ကုသမှုခံယူနိုင်ကြောင်း၊ အဆိုပါ ဆေးရုံ၊ ဆေးခန်းများတွင် အဆစ်အမျက်ကိုက်ခဲခြင်း၊ တုပ်ကွေးရောဂါ၊ သွေးတိုးရောဂါ၊ အအေးမိ နှာစေးခြင်း၊ ဆီးချိုရောဂါ၊ အစာအိမ်နှင့် အူသိမ်ဆိုင်ရာ ရောဂါများ၊ ဗီတာမင် ချို့တဲ့ခြင်းနှင့် သွေးအားနည်းရောဂါများ၊ မီးဖွားခြင်းဆိုင်ရာ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာနှင့် အရိုးရောဂါများကို ကုသမှုပေးလျက်ရှိပြီး လိုအပ်သော ဆေးဝါးများကို စာချုပ်ဆေးဆိုင်ကောင်တာများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း Fee For Service Payment ဆေးခန်း ၁၀ ခန်း၊ Capitation Payment ဆေးခန်း ၁၂ ခန်း၊ မီးဖွားဝန်ဆောင်မှုဆေးခန်း ခုနစ်ခန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တော်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေး

**ကျောက်တော် နိုဝင်ဘာ ၁၄**

ကျောက်တော်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက်က လူထုအခြေပြုဇာတ်ရုံဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံအောင်နှင့် ဦးစီးမှူး ဒေါ်မြတ်စန္ဒာမွန် တို့က ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# အမျိုးသားရေးအတွက် အမျိုးသားနေ့

မျိုးငြိမ်းငယ်

အမျိုးသားနေ့သည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အရေးပါသည့်နေ့ရက်တစ်ရက်ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက်ကျရောက်စဉ် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများစွာအနက်မှ နယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများက ဆန့်ကျင်သပိတ်မှောက်ရာမှ အမျိုးသားရေးနိုးကြားတက်ကြွမှုဖြစ်လာစေသည့် နေ့ရက်ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ၁၉၂၂ ခုနှစ်က စတင်သတ်မှတ်ခဲ့သော အမျိုးသားနေ့သည် မြန်မာနိုင်ငံအတွက် နှစ်ပေါင်း ၁၀၀ တိုင်သည့် ယနေ့ထက်တိုင် အရေးပါနေဆဲဖြစ်ပါသည်။

## သမိုင်းကြောင်း

အမျိုးသားနေ့ဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းသည် မြန်မာနိုင်ငံသားတိုင်းလိုလို သိပြီးဖြစ်ကြပါသည်။ အမျိုးသားနေ့အကြောင်းကို ကျောင်းသားဘဝကပင် သင်ကြားခဲ့ကြရသည်။ အမျိုးသားနေ့ဟုဆိုလျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားပညာရေး၊ တက္ကသိုလ်ပညာရေး၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း စသည့်ဖြစ်စဉ်တို့နှင့် တွဲလျက် သိရှိခဲ့ရသည်။

ဝံသာနုလှုပ်ရှားမှုများကို ဦးဆောင်ခဲ့သည့် ဂျီစီဘီအေအသင်းကြီးက ဝံသာနုလှုပ်ရှားမှုအနေဖြင့် အမျိုးသားနေ့သတ်မှတ်ရန် စတင်ကြိုးပမ်းခဲ့ရာမှ အမျိုးသားနေ့ ပေါ်ပေါက်လာခဲ့ပါသည်။ အမျိုးသားနေ့ကျင်းပရခြင်း ရည်ရွယ်ချက်မှာ အမျိုးသားရေးစိတ်ဓာတ်များ တိုးမြင့်လာစေရန်ဖြစ်ပါသည်။ ထိုစဉ်ကာလက မြန်မာတစ်မျိုးသားလုံး နယ်ချဲ့လက်အောက်ကျရောက်နေစဉ်ဖြစ်ပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးရရှိရန်အတွက် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်များ လိုအပ်နေသည့် အချိန်ဖြစ်ပါသည်။

ထိုသို့သော အချိန်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများက အင်္ဂလိပ်တို့အား ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အကြောင်းပြု၍ သပိတ်မှောက်ဆန့်ကျင်ခဲ့ကြပါသည်။ ယင်းသို့ သပိတ်မှောက်တော်လှန်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က ဆုံးဖြတ်ခဲ့ကြပါသည်။

**အမျိုးသားနေ့သတ်မှတ်ခဲ့သည့် ၁၉၂၂ ခုနှစ်မှစ၍ အမျိုးသားနေ့များကို နှစ်စဉ် ကျင်းပခဲ့ကြပါသည်။ ၁၉၃၄ ခုနှစ်မှစ၍ အမျိုးသားနေ့ကို ကျောင်းပိတ်ရက်အဖြစ် လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှ စ၍ ရုံးပိတ်ရက်အဖြစ်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ အမျိုးသားနေ့အား ကျင်းပရာတွင် မျိုးချစ်စိတ် ထက်သန်ရေးနှင့် နယ်ချဲ့အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများအတွက် စည်းရုံးလှုံ့ဆော်အဓိဋ္ဌာန်ပြုခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်များ တက်ကြွလာစေပြီး နယ်ချဲ့အစိုးရဆန့်ကျင်ရေး လုပ်ငန်းများ အရှိန်မြင့်လာစေခဲ့ပါသည်။ ထိုအမျိုးသားရေးစိတ်ဓာတ်ကပင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို လွတ်လပ်ရေးရသည် အထိ ဦးဆောင်သွားနိုင်ခဲ့ပါသည်။**

ထိုစဉ်က နယ်ချဲ့အစိုးရကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသည့် တက္ကသိုလ်ကျောင်းသားသပိတ်ကို လူထုတစ်ရပ်လုံးက ထောက်ခံအားပေးခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်၏ ကြီးမားသောရလဒ်တစ်ခုမှာ မြန်မာနိုင်ငံတစ်ဝန်း အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းရပ်၊ ရွှေကျင်ကျောင်းတိုက်ကြီးတွင် ဗဟန်းကောလိပ်ဟု အမည်တွင်သော အမျိုးသားကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့ကြပါသည်။

ထို့အပြင် အမျိုးသား ပညာရေးကောင်စီလည်း ပေါ်ပေါက်လာကာ မြန်မာနိုင်ငံ တစ်နံတစ်လျား၌ အမျိုးသားကျောင်းများ အများအပြား ပေါ်ထွက်လာစေခဲ့သည်။ ထိုအမျိုးသားကျောင်းများမှပင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော မျိုးချစ်လူငယ်များ ပေါ်ထွန်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ်သပိတ်ကြောင့် ပညာရေးအမြတ်များ ထွက်ပေါ်လာခဲ့ရုံမက ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ အပြင်းအထန် ပေါ်ပေါက်လာစေခဲ့ပါသည်။ ယင်းသို့ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုမြင့်မားလာခဲ့သဖြင့် ယင်းစိတ်ဓာတ်ဖြင့်ပင် လွတ်လပ်ရေးကို မဆုတ်မနစ်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

## အမျိုးသားရေးစိတ်ဓာတ်

အမျိုးသားရေးဟုဆိုလျှင် ဝိဝါဒကွဲပြားမှုများ ရှိနေပါသည်။ အမျိုးသားရေးကို ရှုထောင့်မျိုးစုံမှကြည့်၍ ဖွင့်ဆိုကြသည်များ ရှိကြပါသည်။ အမျိုးသားရေးစိတ်ဓာတ်ကို မျိုးချစ်စိတ်ဓာတ်ဟု ခေါ်မည်ဆိုက ခေါ်ဆိုနိုင်ပါသည်။ အမျိုးသားရေးသည် မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ချစ်ခင်ခြင်း၊ အလေးထားခြင်းလည်းဖြစ်ပါသည်။ ထိုသို့ မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်ခြင်း၊ အလေးထားခြင်းသည် အခြားနိုင်ငံ၊ အခြားလူမျိုးများကို ပစ်ပယ်ခြင်း၊ မလိုလားခြင်း၊ လွှမ်းမိုးခြင်းကို ဆိုလိုခြင်း မဟုတ်ချေ။ အမျိုးသားရေးဝါဒအား ရှေးရိုးစွဲအမျိုးသားရေးဝါဒနှင့် လစ်ဘရယ်အမျိုးသားရေးဝါဒဟု ပိုင်းခြားထားကြသည်ကို တွေ့ရပါသည်။

❝ အမျိုးသားနေ့သတ်မှတ်ခဲ့သည့် ၁၉၂၂ ခုနှစ်မှစ၍ အမျိုးသားနေ့များကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ ၁၉၃၄ ခုနှစ်မှစ၍ အမျိုးသားနေ့ကို ကျောင်းပိတ်ရက်အဖြစ်လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှစ၍ ရုံးပိတ်ရက်အဖြစ်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ အမျိုးသားနေ့အား ကျင်းပရာတွင် မျိုးချစ်စိတ် ထက်သန်ရေးနှင့် နယ်ချဲ့အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများအတွက် စည်းရုံးလှုံ့ဆော်အဓိဋ္ဌာန်ပြုခြင်းဖြင့် အမျိုးသားရေး စိတ်ဓာတ်များတက်ကြွလာစေပြီး နယ်ချဲ့အစိုးရဆန့်ကျင်ရေးလုပ်ငန်းများ အရှိန်မြင့်လာစေခဲ့ပါသည်။ ထိုအမျိုးသားရေးစိတ်ဓာတ်ကပင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို လွတ်လပ်ရေးရသည်အထိ ဦးဆောင်သွားနိုင်ခဲ့ပါသည် ❞

ပြင်းထန်သောအမျိုးသားရေးစိတ်ဓာတ်နှင့် ဝါဒများသည် ငါ့နိုင်ငံ၊ ငါ့လူမျိုး၊ ငါ့ဘာသာသာသနာ၊ ငါ့ယဉ်ကျေးမှု၊ ငါတို့ရဲ့ အမှတ်သရုပ်လက္ခဏာ စသည်ဖြင့် တစ်ဖက်စွန်းအယူအဆများနှင့် လုပ်ဆောင်မှုများကို ဖြစ်ပေါ်စေပြီး နိုင်ငံများအကြား၊ လူမျိုးများအကြား ပဋိပက္ခများရှိခဲ့ကြသည်ကို တွေ့ရပါသည်။ မည်သည့်နိုင်ငံရေး အယူအဆမဆို ပြင်းထန်လွန်းခြင်းသည် အစွန်းတစ်ဖက်သို့ရောက်ရှိစေပြီး မလိုလားအပ်သည့်အကျိုးဆက်များ ဖြစ်စေတတ်ပါသည်။

ယနေ့ အမေရိကန်နိုင်ငံကဲ့သို့ ဒီမိုကရေစီနိုင်ငံက Make American Great Again ဟု ကြွေးကြော်နေသည်မှာ အမျိုးသားရေးပင် ဖြစ်ပါသည်။ သို့သော် ထိုသို့အမျိုးသားရေး ပြင်းထန်လွန်းလာပါက အခြားနိုင်ငံများထံမှ တူညီသောတုံ့ပြန်မှုများ ဖြစ်ပေါ်လာစေနိုင်ပြီး အကျိုးစီးပွား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

❝ အမျိုးသားရေးဟုဆိုလျှင် ဝိဝါဒကွဲပြားမှုများ ရှိနေပါသည်။ အမျိုးသားရေးကို ရှုထောင့်မျိုးစုံမှကြည့်၍ ဖွင့်ဆိုကြသည်များရှိကြပါသည်။ အမျိုးသားရေးစိတ်ဓာတ်ကို မျိုးချစ်စိတ်ဓာတ်ဟု ခေါ်မည်ဆိုက ခေါ်ဆိုနိုင်ပါသည်။ အမျိုးသားရေးသည် မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ချစ်ခင်ခြင်း၊ အလေးထားခြင်းလည်းဖြစ်ပါသည်။ ထိုသို့ မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်ခြင်း၊ အလေးထားခြင်းသည် အခြားနိုင်ငံ၊ အခြားလူမျိုးများကို ပစ်ပယ်ခြင်း၊ မလိုလားခြင်း၊ လွှမ်းမိုးခြင်းကို ဆိုလိုခြင်းမဟုတ်ချေ။ အမျိုးသားရေးဝါဒအား ရှေးရိုးစွဲအမျိုးသားရေးဝါဒနှင့် လစ်ဘရယ်အမျိုးသားရေးဝါဒဟု ပိုင်းခြားထားကြသည်ကို တွေ့ရပါသည် ❞

အခြားတစ်ဖက်တွင် အမျိုးသားရေးစိတ်ဓာတ် လျော့နည်းသည့် အစွန်းရောက်လစ်ဘရယ်များကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာ၊ နိုင်ငံ၏နယ်မြေ၊ မိမိနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ၊ ယဉ်ကျေးမှု၊ ဘာသာတရားတို့အပြင် နိုင်ငံ၏အမျိုးသား အကျိုးစီးပွားများကို တဖြည်းဖြည်း ဝါးမျိုခံကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် နယ်စပ်ဖြတ်ကျော်ဆက်နွယ်မှုများ ပိုမိုများပြားနေသဖြင့် နိုင်ငံများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်အား ပြန်လည်နိုးထလာစေလျက်ရှိပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့တွင် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာ၌ မျှတသော အမျိုးသားရေးဖြင့်သာ သူနိုင်ကိုယ်နိုင် အခြေအနေကို ရရှိစေနိုင်ပါသည်။

## ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အမျိုးသားရေး

ကမ္ဘာကြီးတွင် တစ်ဖက်က အမျိုးသားရေးနှင့် အခြားတစ်ဖက်တွင် ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုများ အပြိုင်ဖြစ်ပေါ်နေချိန်တွင် ယင်းနှစ်ခု ယှဉ်တွဲတည်ရှိနေခြင်းအား ပြဿနာတစ်ရပ်အသွင်ရှုမြင်ကြသည်လည်း ရှိကြပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် စီးပွားရေး၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုတို့အပြင် ကဏ္ဍအသီးသီး ဆက်နွယ်ပေါင်းစည်းမှုများကြောင့် လွှမ်းမိုးခံရမှုများ၊ မညီမျှမှုများရှိနေချိန်တွင် အမျိုးသားရေးဖြင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွား ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမျိုးရေး လွှမ်းမိုး မခံရစေရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် အမျိုးသားရေးကို အလေးထားလာနေကြပါသည်။ နိုင်ငံတိုင်းက မည်သို့ပင် လစ်ဘရယ်အမျိုးသားရေးဟု ဆိုစေကာမူ လက်တွေ့တွင်မူ ကိုယ့်နိုင်ငံ၏ အကျိုးစီးပွားကိုသာ ဦးထိပ်ထားကြလေ့ရှိကြသည်ကို တွေ့ရပါသည်။

ထိုသို့အမျိုးသားရေးကို ဦးထိပ်ထားရာတွင် ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးကြသည်ဖြစ်ရာ ယင်းကျင့်သုံးမှုအပေါ်မူတည်၍ ဖြစ်လာသည့် အကျိုးရလဒ်များလည်း ကွာခြားနိုင်ပါသည်။ သေချာသည်မှာ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေး ခံယူချက်မရှိဘဲနှင့် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုကာကွယ်ရန်နှင့် မြှင့်တင်ရန် အခက်အခဲများ ရှိနေနိုင်ပါသည်။

မြန်မာနိုင်ငံအား ကိုလိုနီနယ်ချဲ့များ အုပ်ချုပ်ခဲ့စဉ်က လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အမျိုးသားရေးစိတ်ဓာတ်များ မြှင့်တင်ရန် ကြိုးပမ်းခဲ့ကြပါသည်။ အလားတူပင် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ခေတ်သစ်ကိုလိုနီစနစ်ကို ကာကွယ်ရန်အတွက် အမျိုးသားရေးစိတ်ဓာတ်နှင့် ခံယူချက်များ လိုအပ်မည်ဖြစ်သည်။ ထိုသို့လိုအပ်ခြင်းသည် ရှေးရိုးစွဲအမျိုးသားရေးနှင့် လစ်ဘရယ်အမျိုးသားရေးကဲ့သို့ အစွန်းရောက် အမျိုးသားရေးကို ဆိုလိုခြင်းမဟုတ်ချေ။ သင့်တင့်မျှတသော အမျိုးသားရေးကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် လူမျိုးစုံဝါဒ၊ ယဉ်ကျေးမှုစုံဝါဒတို့ဆိုသည်မှာ အတိုင်းအတာတစ်ခုအရသာ ဖြစ်နိုင်ပါသည်။

အကန့်အသတ်မဲ့ လူမျိုးစုံ၊ ယဉ်ကျေးမှုစုံဆိုပါက အင်အားကြီးသူက အင်အားငယ်သူများကို ဝါးမျိုသွားမည်သာဖြစ်သည်။ လူ့အခွင့်အရေးကို အလေးထားပါသည်ဆိုသည့် နိုင်ငံကြီးများပင် ၎င်းတို့၏ အကျိုးစီးပွားကို ထိခိုက်လာပါက ရွှေ့ပြောင်းအခြေချမှုများကို ကန့်သတ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ *စာမျက်နှာ ၇ သို့*

# ၂၀၂၂ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄




မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ Mytel Operator မှ တာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး၊ Mytel Operator ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့မှ တာဝန်ရှိသူများက အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၃ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား) ၉၅ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ၅၈ ဦး စုစုပေါင်း အားကစားသမား ၁၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းပြိုင်ပွဲအတွက် ဝါသနာရှင်အဆင့် (အမျိုးသား) လက်ရည်စစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်းနှင့် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်တွင် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် ကျင်းပ၍ ရွေးချယ်ခဲ့သလို ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ကျင်းပပြီးစီးခဲ့သည် ပွဲစဉ် ၆ ပွဲတို့တွင် အမှတ်ပေးဇယားများအရ အဆင့် ၁ မှ ၃၀ အတွင်း ရရှိခဲ့သူများမှာမူ လက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မလိုဘဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်းသိရသည်။ ယခုပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား)(H’cap 0–12)၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) (H’cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်၍ ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပလျက်ရှိကြောင်း၊ ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ကိုညီလေး

ဓာတ်ပုံ–MGF

# AFF Ordinary Congress သို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၄

အာဆီယံဘောလုံးအဖွဲ့ချုပ် AFF Ordinary Congress ကို နိုဝင်ဘာ ၁၄ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့၌ကျင်းပရာ အာရှဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။

ယင်းကွန်ဂရက်တွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ၂၀၂၂–၂၀၂၆ သက်တမ်းအတွက် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ပြန်လည်ရွေးချယ်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် Khiev Sameth က ဆက်လက်ရွေးချယ်ခံရကာ ဒုဥက္ကဋ္ဌ လေးဦးလည်း ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းသည် အာဆီယံဘောလုံးအဖွဲ့ချုပ် Council Members အဖြစ် ၂၀၂၂–၂၀၂၆ သက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်ခံခဲ့ရကြောင်း သိရသည်။

ကိုညီလေး

# အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေး

သရက်ချောင်း နိုဝင်ဘာ ၁၄

သရက်ချောင်းမြို့နယ်တွင် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးမှုကို ယနေ့နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက အမျိုးသားအောင်ပွဲနေ့နှင့် ပတ်သက်၍ နှစ်စဉ်အခမ်းအနားကျင်းပရခြင်း၏ သမိုင်းကြောင်းနှင့် အသိပညာပေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်အေးနွယ်ဝင်းက အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ အမျိုးသားပညာရေးအကြောင်း စသည့်အကြောင်းအရာများဖြင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။

သားကြီး(သရက်ချောင်း)

စာမျက်နှာ ၆ မှ

## အမှတ်သရုပ်လက္ခဏာနိုင်ငံရေး

မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့များကို တိုက်ထုတ်ခဲ့စဉ်က တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ လက်တွဲခဲ့ကြသည်မှာ အမျိုးသားရေးစိတ်ဓာတ် အခြေခံဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြသည့် မိမိနိုင်ငံအတွက် စုပေါင်းကာကွယ်ခြင်းဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ်ဟုလည်း ဆိုနိုင်ပါသည်။

ပြည်ထောင်စုအကျိုးကိုဖော်ဆောင်ခြင်းသည် စုပေါင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး၏အကျိုးလည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ် ဖြစ်တည်လာရန်အတွက် အမျိုးသားရေးမှာ အခြေခံလိုအပ်ချက်ဟုလည်း ဆိုရပါမည်။ ထိုစိတ်ဓာတ်ဖြင့်သာ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ပါလိမ့်မည်။

လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်ခုနီးပါးက လစ်ဘရယ်ဒီမိုကရေစီ၏ အောင်ပွဲဟု ကြွေးကြော်ခဲ့သည့် နိုင်ငံရေးသိပ္ပံပညာရှင် ဖရန့်စစ်ဖူကူးယားမားက The Economic နှင့် တွေ့ဆုံမေးမြန်းမှုတွင် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဥရောပနှင့် မြောက်အမေရိကတွင် နိုင်ငံရေး၏ အဓိကဝင်ရိုး အပြောင်းအလဲဖြစ်ခဲ့ကြောင်း၊ ကမ္ဘာတွင် စီးပွားရေးမညီမျှမှုများနှင့် ရွှေ့ပြောင်းအခြေချမှုများကြောင့် မိမိတို့နိုင်ငံ၏ အမျိုးသားရေးလက္ခဏာများကို ခြိမ်းခြောက်မှုများရှိလာကြောင်း ပြောကြားခဲ့ပါသည်။

ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ပြည်သူလူထုသည် ကျယ်ပြန့်သောမူဝါဒများထက် သူတို့၏ လူမျိုးရေး၊ မျိုးနွယ်၊ ကျား/မ သို့မဟုတ် ဘာသာရေးအပေါ် အခြေခံသည့် နိုင်ငံရေးအထိုင်များကို ချမှတ်လာသည့်အခါ အမှတ်သရုပ်လက္ခဏာနိုင်ငံရေးကို ထုတ်ဖော်လာကြပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအချို့တွင် အမျိုးသားရေးဦးဆောင်သူများ နေရာရလာကြပြီး အချို့နိုင်ငံများတွင် အမျိုးသားရေးကို ဦးတည်သည့်လုပ်ဆောင်မှုများ ရှိလာခဲ့ပါသည်။ ယင်းသို့ပြောင်းလဲလာခြင်းမှာ ဒီမိုကရေစီစနစ်၏ ချို့ယွင်းအားနည်းချက်ဟု ဆို၍မရဘဲ အထက်မှာဆိုခဲ့သကဲ့သို့ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မညီမျှမှုများ၊ လွှမ်းမိုးလာမှုများကြောင့် နိုင်ငံများက အမျိုးသားရေးကိုကာကွယ်ရန် ဦးစားပေးလုပ်ဆောင်လာကြခြင်း ဖြစ်ပါသည်။

**ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ပြည်သူလူထုသည် ကျယ်ပြန့်သောမူဝါဒများထက် သူတို့၏ လူမျိုးရေး၊ မျိုးနွယ်၊ ကျား / မ သို့မဟုတ် ဘာသာရေးအပေါ်အခြေခံသည့် နိုင်ငံရေးအထိုင်များကို ချမှတ်လာသည့်အခါ အမှတ်သရုပ်လက္ခဏာနိုင်ငံရေးကို ထုတ်ဖော်လာကြပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအချို့တွင် အမျိုးသားရေးဦးဆောင်သူများ နေရာရလာကြပြီး အချို့နိုင်ငံများတွင် အမျိုးသားရေးကို ဦးတည်သည့် လုပ်ဆောင်မှုများ ရှိလာခဲ့ပါသည်။ ယင်းသို့ပြောင်းလဲလာခြင်းမှာ ဒီမိုကရေစီစနစ်၏ ချို့ယွင်းအားနည်းချက်ဟု ဆို၍မရဘဲ အထက်မှာဆိုခဲ့သကဲ့သို့ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မညီမျှမှုများ၊ လွှမ်းမိုးလာမှုများကြောင့် နိုင်ငံများက အမျိုးသားရေးကိုကာကွယ်ရန် ဦးစားပေးလုပ်ဆောင်လာကြခြင်းဖြစ်ပါသည်**

## ထိန်းသိမ်းရမည့်အမျိုးသားနေ့နှင့် အမျိုးသားရေး

၁၉၂၂ ခုနှစ်က သတ်မှတ်ခဲ့သော အမျိုးသားရေးနေ့သည် ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၀၀ ရှိပြီ ဖြစ်ပါသည်။ အမျိုးသားနေ့စတင်အခြေတည်ခဲ့သည့်အချိန်က မိမိတို့နိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က သိမ်းပိုက်အုပ်ချုပ်နေသည့်အချိန်ဖြစ်ပါသည်။ ထိုစဉ်က လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပူးပေါင်းလာစေသည့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ခဲ့ကြပါသည်။ ယင်းအမျိုးသားရေးစိတ်ဓာတ်သည် အချို့သောသူများ ဖွင့်ဆိုခဲ့ကြသကဲ့သို့ လူမျိုးကြီးဝါဒ မဟုတ်။ အစွန်းရောက်အမျိုးသားရေး မဟုတ်။ တိုင်းရင်းသားတစ်မျိုး၊ ယဉ်ကျေးမှုတစ်ခု၊ ဘာသာတစ်ခုအတွက် မဟုတ်။ ပြည်ထောင်စုသားတိုင်းရင်းသားများ စုစည်းနေထိုင်ကြသည့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံသားတိုင်း၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးအတွက်သာ ဖြစ်သည်။ မှန်ကန်သောအမျိုးသားရေးဖြစ်ပါသည်။

ထိုသို့ မြန်မာနိုင်ငံ၏ အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးသည့် အမျိုးသားနေ့သည် ဂုဏ်ယူဖွယ်အမှတ်တရနေ့ တစ်နေ့ဆိုသည်ထက် ယနေ့ထက်တိုင် အရေးပါနေဆဲ၊ လိုအပ်နေဆဲ နေ့တစ်နေ့ ဖြစ်ပါသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်မှုများကြောင့် အင်အားနည်းသည့်နိုင်ငံများမှာ ခေတ်၏ သားကောင်ဖြစ်နေသည့် အခြေအနေနှင့် အချိန်ကာလတွင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားအကျိုးစီးပွား ထိန်းသိမ်းကာကွယ်ရေးအတွက် အမျိုးသားရေး စိတ်ဓာတ်များ မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ တစ်ချိန်က မိမိတို့ဘိုးဘွားများက အမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံ့လွတ်လပ်ရေးအား ရယူပေးနိုင်သကဲ့သို့ ယနေ့ အချိန်အခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်များ မြှင့်တင်ပေးရန် လိုအပ်နေဦးမည် ဖြစ်ပါသည်။ ။

## ရာဇဝတ်အထူးအယူခံမှု(၄)မှု၊ တရားမအထူးအယူခံမှု (၅)မှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု (၄)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးမောင်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၂(ဧရာဝတီ)၊ ၄/၂၀၂၂(ရန်ကုန်)၊ ၅/၂၀၂၂(ရန်ကုန်)၊ ၆/၂၀၂၂(ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၄)မှုနှင့် တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၀ (မန္တလေး)၊ ၄/၂၀၂၂(ရခိုင်)၊ ၂၅/၂၀၂၂(ရန်ကုန်)၊ ၂၈/၂၀၂၂(မန္တလေး)၊ ၂၉/၂၀၂၂(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၅/၂၀၂၁(ရန်ကုန်)၊ ၂/၂၀၂၂(ရန်ကုန်)၊ ၂၃/၂၀၂၂(ရန်ကုန်)၊ ၃၀/၂၀၂၂(ရခိုင်) စုစုပေါင်း တရားမ အထူးအယူခံမှု (၄)မှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲကျင်းပ

**သရက်ချောင်း နိုဝင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်တွင် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲကို သရက်ချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ယနေ့မွန်းလွဲပိုင်းက သရက်ချောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက အမျိုးသားအောင်ပွဲနေ့နှင့် ပတ်သက်၍ပြောကြားပြီး ကျောင်းသား ကျောင်းသူများမေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၂၀၂၂) ခုနှစ် အမျိုးသားကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## ကိုဗစ်-၁၉ ရောဂါကို ဆေးခါးကြီးပါဝင်သည့် ဝိသမအဖျားပျောက်ဆေးနှင့်ပတ်သက်၍ တိုင်းရင်းဆေးဝါးအဖြစ် ထုတ်လုပ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

(၂၀၂၂) ခုနှစ် အမျိုးသားကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း က သမိုင်းမှတ်တမ်းများအရ ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်ထုတ် မြန်မာနိုင်ငံပြန်တမ်းတွင် ကျန်းမာရေးဝန်ကြီးဌာနဟု အမည်မှည့်ခေါ်၍ တရားဝင်အမိန့်ကြော်ငြာစာတွင် စတင်ထုတ်ပြန်သုံးနှုန်းခဲ့သဖြင့် အမျိုးသားကျန်းမာရေးနေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှ စတင်၍ ခေတ်အဆက်ဆက်၌ ဆေးနှင့်ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းကျန်းမာကြံ့ခိုင်စွာ အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

### ဦးစီးဌာနခြောက်ခုဖြင့် စနစ်တကျဆောင်ရွက်

ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ် တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်း၊ ဆေးသုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားစေရေးလုပ်ငန်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများတို့ကို ဦးစားပေးကဏ္ဍများအဖြစ် ဦးစီးဌာန ခြောက်ခုဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အနေဖြင့် ဘဝတစ်သက်တာ ကျန်းမာရေးစောင့်ရှောက်ပေးမှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိပြီး ကုသရေးလုပ်ငန်းများ အနေဖြင့် ယခုနှစ်အတွင်း ဆေးကုသဆောင်သစ်များကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ခေတ်အဆက်ဆက်တွင် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်းနှင့် ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူ၊ ဘွဲ့လွန်ဆေးပညာ သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ဆေးသုတေသနဆိုင်ရာလုပ်ငန်းများ အနေဖြင့် မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးများနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ခြင်းများနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ဆေးခါးကြီး ပါဝင်သည့် ဝိသမအဖျားပျောက်ဆေးနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းဆေးဝါးအဖြစ် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းများအနေဖြင့် သုံးစွဲရန်မသင့်သော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးခြင်းနှင့် ဆေးဝါးမှတ်ပုံတင်ထုတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်အတွက် အမျိုးသားကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ **"ကျန်းမာရေးအသိပညာ မြင့်မားဖို့ အားလုံးပါဝင်ဆောင်ရွက်စို့"** ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားလာပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ခြင်းမှတစ်ဆင့် နိုင်ငံ၏ မျှော်မှန်းသက်တမ်းမြင့်မားလာရေးအတွက် နီးနွှယ်ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရင်ချင်းဆက်အမြွှာများကို ခွဲစိတ်ကုသခဲ့မှု၊ ကျောက်ကပ်/ အသည်း/မျက်ကြည်လွှာ/ ရိုးတွင်းခြင်ဆီအစားထိုးကုသခဲ့မှုများ၊ ပြတ်တောက်သွားခဲ့သည့် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများကို ခွဲစိတ်ကုသခဲ့မှု၊ ကျောက်ကြီးရောဂါ ကင်းစင်ရေး၊ ပိုလီယိုအကြောသေရောဂါ ပပျောက်ရေး၊ မျက်ခမ်းစပ်ရောဂါ ပပျောက်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစသည့် ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်ခဲ့မှုများကို စနစ်တကျမှတ်တမ်းတင်ထားရှိ၍ နောင်ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်ရာတွင် အတွေ့အကြုံများအဖြစ် အသုံးဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်မည့် ခေတ်မီတိုးတက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးကို စဉ်ဆက်မပြတ်လေ့ကျင့် စွမ်းဆောင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရရှိသည်အထိ ဦးတည်ချက်ထား ဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် ပြည်သူများ၏ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုအား ပြသသည်။

### ဂုဏ်ပြုချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆေးပညာတံဆိပ်(ပထမဆင့်) ထူးချွန်ဆုရရှိသူများနှင့် ရဲဗလတံဆိပ်ရရှိသူ လေးဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက စီမံထူးချွန်တံဆိပ် (တတိယဆင့်)ရရှိသူ ၃၁ ဦးကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက (၂၀၂၁-၂၀၂၂) ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၃၄ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြပြီး အမျိုးသားကျန်းမာရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အချိန်အခါမဟုတ် မိုးရွာခြင်းနှင့် မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

○ *ကျောဖုံးမှ*

အဆိုပါ ဖျော်ဖြေပွဲများတွင် ဆင်လိမ္မာ၊ မျောက်လိမ္မာ၊ မြွေလိမ္မာ၊ ဝက်ဝံလိမ္မာလေးတို့၏ ပြကွက်များနှင့် မျက်လှည့်ပြကွက်များ ပါဝင်သည့်အပြင် လူနှင့် ရင်းနှီးကျွမ်းဝင်သည့် တိရစ္ဆာန်ငယ်များဖြင့် ဓာတ်ပုံတွဲရိုက်နိုင်သည့် အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

လိမ္မာယဉ်ကျေးသည့် တိရစ္ဆာန်လေးများ၏ ဖျော်ဖြေမှုများကို မိုးတွင်းကာလ ခေတ္တရပ်နားထားခြင်းဖြစ်ပြီး ယခုအခါ မိုးအကုန်ပွင့်လင်းရာသီ ရောက်ပြီဖြစ်သည့်အတွက် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ဖျော်ဖြေမှုများ ပြန်လည်စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**စန္ဒာမိုး**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ပဒေသာကပွဲကို နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ဖျော်ဖြေတင်ဆက်မည်



**နေပြည်တော်  နိုဝင်ဘာ ၁၄**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင် အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန်အတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နိုင်ငံတော် အဆင့် အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသည့် ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ရန် ပထမဆုံးအကြိမ် ကျင်းပသည့် အကြီးကျယ်ဆုံးပဒေသာကပွဲကြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် အနုပညာရှင်များက လေးလေးနက်နက် စေတနာပါပါဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းနှင့် လိုအပ်ချက်များ၊ ပေါင်းစပ်ညှိနှိုင်းရန်ကိစ္စရပ်များ ရှိပါက ဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

### လိုအပ်သည်များအသင့်ဖြစ်စေရေး ဆောင်ရွက်ထားမည်

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အစီအစဉ်ဖြစ်သော ပဒေသာကပွဲ အောင်အောင်မြင်မြင် ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် အခမ်းအနားပြင်ဆင်ရေး၊ ကြိုဆိုနေရာချထားရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုမတိုင်မီ လိုအပ်သည်များ အသင့်ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပဒေသာကပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသူများက ပဒေသာကပွဲတွင် ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ တင်ဆက်မည့်ပြဇာတ်များ၊ တေးဂီတ အစီအစဉ်များ၊ တည်းခိုနေထိုင်ရေးစီစဉ်ထားရှိမှု၊ အခမ်းအနားပြင်ဆင်ရေးအပါအဝင် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ လျာထားချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အခမ်းအနားပြင်ဆင်ရေး၊ သွားလာနေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

### အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြမည်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာ ဖျော်ဖြေတင်ဆက်မည် ဖြစ်ပြီး ပထမသုံးရက်တွင် ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အနုပညာရှင်များက လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များက လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက လည်းကောင်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဝန်ထမ်းများမိတ်ဆုံစားပွဲသို့ တက်ရောက်ကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး နေ့လယ်စာအတူတကွသုံးဆောင်

နေပြည်တော်  နိုဝင်ဘာ ၁၄

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများကို အသိအမှတ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဝန်ထမ်းများမိတ်ဆုံစားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။**





ဝန်ထမ်းများ မိတ်ဆုံစားပွဲမတိုင်မီ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ဝန်ထမ်းများနှင့် ရင်းနှီးစွာ ထိတွေ့ဆက်ဆံနိုင်ရန် ယခုကဲ့သို့ မိတ်ဆုံစားပွဲများ ကျင်းပခြင်းမျိုးသာမက လစဉ်ဆန္ဒခံယူပွဲများ၊ အခါအားလျော်စွာ ကျင်းပနေသည့် အခမ်းအနားများနှင့် ဆွေးနွေးပွဲများ ပြုလုပ်တွေ့ဆုံလျက်ရှိပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားအသင်းအဖွဲ့များနှင့်လည်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ခရီးသွားနယ်ပယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ – ပုဂ္ဂလိက – ဒေသခံ ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးကြီးသည့်အတွက် ဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ကြသည်။

အဆိုပါဝန်ကြီးဌာန၏ ဝန်ထမ်းများမိတ်ဆုံစားပွဲအား ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ရုံးခွဲ (၃၈) ရုံးတွင်လည်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရသေ့တောင်မြို့ ပြည်သူ့စာကြည့်တိုက် မြေစိုက်နံရံကပ်တွင် အလုပ်လျှောက်လွှာကြော်ငြာစာများအား ပြသထားရှိ

**ရသေ့တောင်  နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ မြေစိုက်နံရံကပ်တွင် အလုပ်လျှောက်လွှာကြော်ငြာစာများကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြသဆောင်ရွက်ထားရှိသည်။

အဆိုပါမြေစိုက်နံရံကပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်နှင့် သိပ္ပံနှင့်နည်းပညာ အသက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ၂၀၂၂–၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်းကြေညာချက်များ၊ အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အလုပ်လျှောက်လွှာခေါ်ယူခြင်းများ၊ SIM Card များတွင် မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်များအပါအဝင် နိုဝင်ဘာလအတွင်းခေါ်ယူသည့် အလုပ်လျှောက်လွှာများ စသည့်အကြောင်းအရာများပါဝင်သော နံရံကပ်စာစောင်များအား အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြသဆောင်ရွက်ထားရှိရာ ပြည်သူများ နှင့် လူငယ်များက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (ယာပုံ)

**ထွန်းလင်းကျော်(ပြန်/ဆက်)**



# “စိတ်ရှည်၊ ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ” ဟူသော သာသနာပြုလမ်းစဉ်အတိုင်း သာသနာပြုပါက မလွဲကေန် အောင်မြင်မည်

ရန်ကုန် နိုဝင်ဘာ ၁၄

**ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။** (ယာပုံ)



အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ဘာသာရပ် ၁၁ မျိုးသင်ကြား**

ရှေးဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးက ချမှတ်ခဲ့သော “ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေရန်၊ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေရန်၊ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေရန်၊ မြန်မာစာပေ အရေးအသား တော်စေရန်” ဟူသော ပရိယတ္တိပညာသင်ကြားရေး အခြေခံမူလေးရပ်နှင့်အညီ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆင်း သင်တန်းသား ရဟန်းတော်များသည် မိမိတို့၏ ကုသိုလ်ကံအားလျော်စွာ ကျောင်းထိုင်၍ သာသနာပြုရမည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ ဘုရားရှင်၏ အဆုံးအမသာသနာတော်နှင့်အညီ မိမိ၏အကျိုးစီးပွားနှင့် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရေးအတွက် “စိတ်ရှည်၊ ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ” ဟူသော သာသနာပြုလမ်းစဉ်အတိုင်း သာသနာပြုပါက မလွဲကေန် အောင်မြင်မည်ဖြစ်ပြီး သင်တန်းကျောင်းများတွင် ဘာသာရပ် ၁၁ မျိုးကို သင်ကြားပြသပေးနေကြောင်း၊ ကျောင်းအုပ်ဆရာတော်များအနေဖြင့် မြန်မာ့ဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဘာသာရေးဆိုင်ရာ အဆုံးအမများကို သိရှိလိုက်နာ၍ လောကကောင်းကျိုး ဆောင်ရွက်နိုင်သော ကျောင်းထိုင်ဆရာတော်များ ပေါ်ပေါက်လာစေရန် ဘာသာရပ်တိုင်းကို အလေးဂရုပြု သင်ကြားပေးရန် လိုကြောင်း အဖွင့်သြဝါဒကထာ မြွက်ကြားသည်။

**သာသနာရေးဆိုင်ရာ လျှောက်ထား**

ဆက်လက်၍ အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ သတ္တမအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လျှောက်ထားပြီး ဆက်လက်ဆောင်ရွက်ရမည့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လျှောက်ထားသည်။

**ဆုံးဖြတ်ချက်ငါးချက်ချမှတ်**

ထို့နောက် ကြွရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းလျှောက်ထားကြကာ ဆွေးနွေးချက်လေးရပ်နှင့်ပတ်သက်၍ အတည်ပြုချက် တစ်ချက်နှင့် ဆုံးဖြတ်ချက်ငါးချက်ကို ချမှတ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသက နိဂုံးချုပ်သြဝါဒ မြွက်ကြားပြီး ပြည်ထောင်စုဝန်ကြီးက ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းသည်။

**ရဟန်းတော် ၄၆၈၁ ပါးရှိ**

ယနေ့ချိန်အထိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နှစ်နှစ်သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သင်တန်းအကြိမ်ပေါင်း ၂၀၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီး တက်ရောက်ဆဲ သင်တန်းသား ၂၂၃ ပါးနှင့် တက်ရောက်ပြီး သင်တန်းသား ၄၄၅၈ ပါး စုစုပေါင်း သင်တန်းသား ရဟန်းတော် ၄၆၈၁ ပါးရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား တွေ့ဆုံအားပေး

**လွိုင်ကော် နိုဝင်ဘာ ၁၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြည်သူများအား ဆေးရုံအတွင်းရှိ ဆေးကုသဆောင်များသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာတစ်ဦးချင်း၏ရောဂါအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်ဆေးရုံရှိ လူနာများအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်းရာ တပ်မတော်ဆေးရုံတပ်မှူးက လက်ခံယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တက္ကသိုလ်များအလိုက် အသင်းများအားဖွဲ့ပေးကာ အချင်းချင်းစည်းလုံးညီညွတ်ပြီး ပူးပေါင်းဆောင်ရွက် တတ်အောင် ပြုစုပျိုးထောင်

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက တက္ကသိုလ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းများ၊ တက္ကသိုလ်များ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး အလေးထား စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များအလိုက် အနုပညာ၊ အားကစား၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့် အသင်းများအားဖွဲ့ပေးကာ တက္ကသိုလ်ကျောင်းများအတွင်း ကျောင်းသား ကျောင်းသူ အချင်းချင်းစည်းလုံးညီညွတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်အောင် ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့၌ အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံးအရည်အချင်းတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)၊ ကျောင်းအုပ်များက လက်ရှိဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



*❖ ကျောဖုံးမှ*

အကျဉ်းသားများအတွက် ပါဆယ် ထုပ်လာရောက်ပေးပို့သူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦး၊ စုစုပေါင်း ၁၈ ဦးတို့တွင် မိုင်းစ ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာ ရရှိသူများကို အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထား ရှိကာ လိုအပ်သော ဆေးဝါးကုသ မှုများ ဆောင်ရွက်ပေးလျက်ရှိ ကြောင်းနှင့် ဖောက်ခွဲမှုကျူးလွန်ခဲ့ သူများကို အင်းစိန်မြို့မရဲစခန်း တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)/၅၄ တို့ဖြင့် အမှုဖွင့်လှစ်ကာ စုံစမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ သည်။

## ဖမ်းဆီးရမိ

အထက်ပါဖြစ်စဉ်မှ အကြမ်း ဖက် ဖောက်ခွဲမှုကျူးလွန်ခဲ့သူများ ကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ က အကြမ်းဖက်မှုကို မလိုလား သည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ အသွင်ယူသတင်းရယူ စုံစမ်းထောက်လှမ်းခြင်းနှင့် ခိုင်လုံ သည့် လုံခြုံရေးမှတ်တမ်း အထောက်အထားများကို အခြေခံ ကာ ရရှိလာသော သတင်းများ ကွင်းဆက်မပြတ် အပူတပြင်း လိုက်လံစုံစမ်းခဲ့ရာ အင်းစိန်ဗဟို အကျဉ်းထောင် ဖောက်ခွဲမှု ကျူးလွန်စဉ် မှတ်တမ်းတင် Video ရိုက်ကူးခဲ့ပြီး လူမှုကွန်ရက် (Social Media) ပေါ်တွင် ထုတ်လွှင့် ဖော်ပြခဲ့သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၃၁)ရပ်ကွက် မြတ်လေး လမ်း အမှတ်(၂၈၀)နေ ချမ်းမြေ့သူ (ခ)ဂျူးဂျူး(ခ)JULU (၂၅)နှစ် (ဘ) ဦးအောင်ကြီးကို အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် မင်းရဲကျော်စွာလမ်း ဒဂုံ တက္ကသိုလ်မှတ်တိုင်၌ စတင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ)JULU ၏ ထွက်ဆိုချက် အရ ဖောက်ခွဲမှုအား ၎င်း၏ ခင်ပွန်းဖြစ်သူ ကောင်းထက်(ခ) ဖိုးစီ (၂၅) နှစ်က ကျူးလွန်ခဲ့ ကြောင်းနှင့် ၎င်းမှာ နေအိမ်၌ ရှိ ကြောင်း သိရှိရသဖြင့် ဖမ်းဆီးနိုင် ရေးဆောင်ရွက်ခဲ့ရာ ကောင်းထက် (ခ)ဖိုးစီ(၂၅)နှစ် (ဘ) ဦးအောင်စိုး ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၁)ရပ်ကွက် မြတ်လေးလမ်း အမှတ်(၂၈၀)၌ ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေ ခဲ့ရာ ဖောက်ခွဲမှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် 9MM ကျည် တောင့် ၃၀၊ ဒီတိုနေတာ နှစ်ချောင်း၊ လက်လုပ်မိုင်းဖောက် ခွဲရာတွင် အသုံးပြုခဲ့သည့် A,B,C,D ခလုတ်များပါ Digital Remote Controller တစ်ခု၊ Vinric စာတန်း ပါ ဓာတ်ခဲအသေးတစ်လုံး၊ Alkaline စာတန်းပါ ဓာတ်ခဲ အသေးတစ်လုံး၊ ပေါက်ကွဲမှု ဖြစ်ပွားမှုကို Video ရိုက်ကူးရာ တွင် အသုံးပြုသည့် ဖုန်းနံပါတ် 09-750048060၊ 09-950357050 Sim Card နှစ်ကတ်ပါ Tecno Pova Neo အမျိုးအစား နက်ပြာ ရောင်ဖုန်းတစ်လုံး၊ Sim Card နှစ်ကတ်ပါ Oppo A 5s အမျိုး အစား အနက်ရောင်ဖုန်းတစ်လုံး နှင့် ပြစ်မှုကျူးလွန်စဉ်က ကောင်းထက် (ခ) ဖိုးစီနှင့် ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU တို့နှစ်ဦး ဝတ်ဆင်ခဲ့သည့် အဝတ် အစားများကို သိမ်းဆည်းရမိခဲ့ သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆို ချက်အရ ကောင်းထက်(ခ)ဖိုးစီ သည် မြန်မာ့မီးရထား(ရန်ကုန်)၊ ဒီဇယ်စက်ခေါင်းပြင် အလုပ်ရုံ၊ လျှပ်စစ်ဌာန၌ အလုပ်လုပ်ကိုင် နေရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် CDM ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ဇနီးဖြစ်သူ ချမ်းမြေ့သူ (ခ) ဂျူးဂျူး (ခ) JULU နှင့်အတူ ရန်ကုန်မြို့အတွင်း၌ ဆူပူဆန္ဒပြ ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ချမ်းမြေ့သူ(ခ)ဂျူးဂျူး (ခ)JULU သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ အတွင်း Z Fighter အမည်ခံ အကြမ်းဖက်အဖွဲ့တွင် အဖွဲ့ဝင် အဖြစ်ပါဝင်ခဲ့ပြီး ၎င်း၏အဖွဲ့ဝင် အမှတ်မှာ ZF-026 (MBR) ဖြစ် ကြောင်း၊ အဆိုပါအဖွဲ့တွင် အဖွဲ့ဝင် ၈၀ ခန့်ရှိပြီး Telegram တွင် Group ဖွဲ့၍ Click To Donate ပြုလုပ်ခြင်း၊ အကြမ်းဖက်မှု လုပ်ရပ်များ ဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်သစ် စုဆောင်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွား လာမှုများကို စောင့်ကြည့်သတင်း ပေးခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း။

## လက်နက်ခဲယမ်းများ ပို့ဆောင်

ကောင်းထက်(ခ) ဖိုးစီသည် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း Facebook လူမှုကွန်ရက် စာမျက်နှာအသုံးပြု၍ "PDF Brother" Page မှ သိခဲ့သည့် "စွန်ရဲ" အမည်ခံ အမျိုးသမီး (ဖမ်းဆီးရန်ကျန်) က Signal မှ ဆက်သွယ်ကာ ၎င်းအား "Special Task Agency Of Burma (STA) အထူးတာဝန် လုပ်ငန်းအဖွဲ့ အမည်ခံ အကြမ်းဖက်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ကြောင်း နှင့် အကြမ်းဖက်မှုများ လုပ်ဆောင်ရန် လစဉ် ငွေကျပ် တစ်သိန်း ထောက်ပံ့ခဲ့ကြောင်း၊ ၎င်းအား အဆိုပါအဖွဲ့တွင် ပစ္စည်းထိန်း တာဝန်ပေးအပ်ခဲ့ပြီး "စွန်ရဲ" အမည်ခံ အမျိုးသမီး (ဖမ်းဆီးရန်ကျန်) ၏ ချိတ်ဆက် ပေးမှုဖြင့် ၂၀၂၂ ခုနှစ် ဇွန်လနှင့် ဩဂုတ်လများအတွင်း ၎င်းတို့ အဖွဲ့ဝင်များအကြား အကြမ်းဖက် မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ခဲယမ်းများ သယ်ဆောင် ခြင်း၊ ပို့ဆောင်ပေးခြင်းများ ပြုလုပ်ရကြောင်း။

ကောင်းထက် (ခ) ဖိုးစီသည် ၎င်း၏ဇနီး ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU အား STA အဖွဲ့မှ "စွန်ရဲ"ဆိုသူ အမျိုးသမီးနှင့် ချိတ်ဆက်၍ အောက်တိုဘာ ၁ ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်စေခဲ့ပြီး အကြမ်းဖက် မှုလုပ်ရပ်များ ပါဝင်လုပ်ကိုင်စေ ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အင်းစိန်ဗဟိုအကျဉ်းထောင် ဖောက်ခွဲခဲ့မှုနှင့် ပတ်သက်၍ ကောင်းထက်(ခ)ဖိုးစီ၏ထွက်ဆို ချက်အရ ၎င်းထံသို့ အောက်တိုဘာ ၁၀ ရက် ညပိုင်းက "စွန်ရဲ" အမည်ခံအမျိုးသမီးက Signal မှ ဆက်သွယ်ကာ အင်းစိန်ဗဟို အကျဉ်းထောင်ကို ဖောက်ခွဲ တိုက်ခိုက်ရန်နှင့် ၎င်းတိုက်ခိုက် မှုအား ကျော်ဟိန်း (ဖမ်းဆီးရန် ကျန်)နှင့် ပူးပေါင်းဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ အင်းစိန် ဗဟိုအကျဉ်းထောင်၏ ဝင်/ထွက် ပေါက်ရှိ လူဝင်/ထွက်စာရင်းမှတ် သည့်နေရာနှင့် ပစ္စည်းလက်ခံ သည့်နေရာတို့ကို ကြီးကြပ်သည့် ဒုထောင်မှူးနှင့် ထောင်ဝန်ထမ်း များကို ပစ်မှတ်ထားတိုက်ခိုက်ရန် စေခိုင်းခဲ့ကြောင်း။

## လက်လုပ်မိုင်းများနေရာချ

ထို့နောက် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ၎င်းထံ သို့ "စွန်ရဲ" အမည်ခံအမျိုးသမီးက ထပ်မံဆက်သွယ်ကာ အကျဉ်း ထောင်၏ ဂိတ်ဝင်/ထွက်ပေါက် အား ဖောက်ခွဲမှုပြုလုပ်ရန်အတွက် လက်လုပ်မိုင်းများ နေရာချထား ခြင်းအား ၎င်းနှင့် ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်) တို့မှ ဆောင် ရွက်ရန်၊ နေရာချထားပြီးပါက ၎င်းမှ အဝေးထိန်း Remote ဖြင့် ဖောက်ခွဲရန်၊ ထိုသို့ ဖောက်ခွဲ တိုက်ခိုက်မှုကို ၎င်း၏ဇနီး ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU မှ မှတ်တမ်းတင် Video ရိုက်ကူး ရန်နှင့် ၎င်းတို့ ဖောက်ခွဲတိုက်ခိုက် မှုများအတွက် စောင့်ကြည့်ခြင်း များကို "စွန်ရဲ" မှ အခြားသူများ ဖြင့် စောင့်ကြည့်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း ထွက်ဆိုခဲ့ သည်။

အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခန့်တွင် ကောင်းထက် (ခ) ဖိုးစီနှင့် ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်) တို့သည် အင်းစိန်ဗဟိုအကျဉ်းထောင်အနီး သွားရောက်၍ လက်လုပ်မိုင်းများ ချထားမည့်နေရာနှင့် ၎င်းတို့ ပြန်ထွက်မည့် လမ်းကြောင်းများ ကို သွားရောက် ကြည့်ရှုခဲ့ကြ ကြောင်း။

အကြမ်းဖက် ဖောက်ခွဲရာတွင် အသုံးပြုမည့် လက်လုပ်မိုင်းများ ကို "စွန်ရဲ" အမည်ခံ အမျိုးသမီး၏ ချိတ်ဆက်ပေးမှုဖြင့် အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းပေါ်ရှိ ယောက် ကော် ကားမှတ်တိုင်၌ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)က စက်ဘီးတစ်စီး ဖြင့် ရောက်ရှိလာပြီး ပီနံအိတ် အဖြူရောင်ဖြင့် ထည့်ထားသည့် လက်လုပ်မိုင်း သုံးလုံး ပေးခဲ့သဖြင့် သယ်ဆောင်လာပြီး ၎င်းအလုပ် လုပ်ကိုင်သည့် တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် စံပယ်လမ်းနှင့် ကံ့ကော်လမ်း ထောင့်ရှိ Dr.Doe ဆေးကုမ္ပဏီ လှေကားအောက်၌ သိမ်းဆည်း ထားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

*စာမျက်နှာ ၁၂ သို့*

**အင်းစိန်ဗဟိုအကျဉ်းထောင်၊ ဝင်ထွက်ပေါက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အဦ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် တရားခံများ၏ အခြေပြဇယား**








အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ပေါက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အဦအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်အတွက် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

# တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် ခရီးသွားဧည့်သည်များ လာရောက်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးစားဆောင်ရွက်ပေးရန်လိုအပ်

**ထားဝယ် နိုဝင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိနိုင်ငံတကာအဆင့် အသိအမှတ်ပြု “Health and Safety Protocols– HSP” တံဆိပ်ရရှိထားကြသည့် ဟိုတယ် ခုနစ်လုံးအား “HSP” တံဆိပ်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းသည် တနင်္သာရီ တိုင်းဒေသကြီးအတွက် အရေးကြီးသော လုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် တိုင်း ဒေသကြီးအတွင်းရှိသော သဘာဝသယံဇာတများ ဖြစ်သည့် ပင်လယ်ကမ်းခြေများ၊ တောတောင်များ၊ ကျွန်းများနှင့် ဆက်စပ်ပြီးတိုးမြှင့်လျှင် တိုးမြှင့်သလောက်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရန်၊ ဟိုတယ်များနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပြီး ယခုအချိန်ကာလသည် ခရီးသွားရာသီဖြစ်၍ တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် ခရီးသွားဧည့်သည်များ လာရောက်နိုင်ရေး အတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးစားဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကော်မတီမှဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းဆိုင်ရာ အမှာစာများအား ရှင်းလင်းတင်ပြရာအဖွဲ့ဝင်များက တိုင်းဒေသကြီး အတွင်း၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



---

*စာမျက်နှာ ၁၁ မှ*

ဆက်လက်၍ အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီတွင် ကောင်းထက်(ခ) ဖိုးစီသည် လက်လုပ်မိုင်းများ ထည့်ထားသည့် အထုပ်ကို အငှားယာဉ်ဖြင့် တင်ဆောင်ကာ ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်) နှင့် ချိန်းဆိုထားသည့် အင်းစိန်မြို့နယ် ပေါက်တောဝ မီးပွိုင့်အနီးရှိ ဒါရိကာဗလီသို့သွားရောက်ခဲ့ကြောင်း၊ ဗလီသို့ ရောက်ရှိချိန်တွင် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် တွေ့ဆုံကာ လက်လုပ်မိုင်းများဖြင့် ပါဆယ်ထုပ်ပြုလုပ်ရန် မုန့်များနှင့် တစ်ရှူးများဝယ်ယူ၍ ပါဆယ်ထုပ်များ ပြုလုပ်ခဲ့ပြီး ပါဆယ်ထုပ်များ အတွင်း၌ လက်လုပ်မိုင်းများ တပ်ဆင်ခြင်းအား ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ပြင်ဆင်နေစဉ် ချမ်းမြေ့သူ (ခ) ဂျူးဂျူး(ခ)JULU မှာ အင်းစိန်ဗဟိုအကျဉ်းထောင် အရှေ့လမ်း တစ်ဖက်ခြမ်း မုန့်ဟင်းခါးဆိုင်၌ ထိုင်ကာ ပေါက်ကွဲမှုဖြစ်စဉ်အား မှတ်တမ်းတင် Video ရိုက်ကူးရန် စောင့်ဆိုင်းနေခဲ့ကြောင်း။

ထို့နောက် ကောင်းထက်(ခ) ဖိုးစီသည် လက်လုပ်မိုင်းထည့်ထားသည့် ပါဆယ်အထုပ်တစ်ထုပ်ကို လည်းကောင်း၊ ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်) မှ ပါဆယ်အထုပ် နှစ်ထုပ်ကိုလည်းကောင်း သယ်ဆောင်ကာ အကျဉ်းထောင် ဝင်/ထွက် ပေါက်သို့ သွားရောက်ခဲ့ပြီး ၎င်းကိုင်ဆောင်ခဲ့သည့် ပါဆယ်ထုပ်အား ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်တွင်လည်းကောင်း၊ ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်) ထံမှ အထုပ် နှစ်ထုပ်ကို လူဝင်/ထွက် စာရင်းလုပ်သည့် နေရာအနီးနှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာပေါ်တို့တွင်လည်းကောင်း ချထားခဲ့ပြီး ပြန်လည်ထွက်ခွာခဲ့ကာ ထောင်နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်ခြမ်းမှ အခြေအနေကို စောင့်ကြည့်နေခဲ့ကြကြောင်း။

ဆက်လက်၍ ကောင်းထက်(ခ)ဖိုးစီက ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU အား Video ရိုက်ကူးရန် သတိပေးပြီးနောက် မြင့်မိုရ်လမ်းအတွင်းမှနေ၍ အဝေးထိန်း Remote Controller အားနှိပ်၍ ဖောက်ခွဲခဲ့ရာ ၎င်းတို့ ထောင်ထားသည့် လက်လုပ်မိုင်း သုံးလုံးအနက် ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်နှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာပေါ်တို့တွင် ထောင်ထားခဲ့သည့် လက်လုပ်မိုင်း နှစ်လုံးသာ ပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာ ပေါက်ကွဲခဲ့ခြင်း မရှိကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကောင်းထက် (ခ) ဖိုးစီနှင့် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)တို့ နှစ်ဦးမှာ အင်းစိန် ခုံးကျော်တံတားဘက်မှတစ်ဆင့် အငှားယာဉ်ဖြင့် ၎င်းတို့၏နေအိမ်များသို့ ပြန်ခဲ့ကြကြောင်း၊ ထိုသို့ ဖောက်ခွဲမှုပြုလုပ်ခဲ့မှုကို ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU မှ မှတ်တမ်းတင် Video ရိုက်ကူးကာ YBS ယာဉ်ဖြင့် ၎င်းအလုပ်လုပ်ကိုင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာသို့ ပြန်ခဲ့ကြောင်း၊ ချမ်းမြေ့သူ (ခ) ဂျူးဂျူး (ခ) JULUသည် ၎င်းရိုက် ကူးထားသည့် Video မှတ်တမ်းကို “စွန်ရဲ”ဆိုသူထံ signal မှ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက် ဖော်ထုတ်ချက်အရ ကောင်းထက်(ခ) ဖိုးစီသည် “Special Task Agency of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့” အမည်ခံ အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ဦးဘဟန်လမ်းရှိ သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းနိုင်ထွေးနှင့် ဒုဦးစီးမှူး ဦးကျော်မိုးတို့ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်တွင် အခြေအနေ စောင့်ကြည့်ပေးခြင်းဖြင့် အကြမ်းဖက်မှု လုပ်ရပ်များကို ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် ကောင်းထက် (ခ) ဖိုးစီနှင့် ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU တို့ နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ၎င်းတို့နှင့် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရန်ကျန် တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အင်းစိန်ဗဟို အကျဉ်းထောင် ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ Facebook လူမှုကွန်ရက် စာမျက်နှာများပေါ်၌ “Special Task Agency Of Burma (STA) အထူး တာဝန်လုပ်ငန်းအဖွဲ့” အမည်ခံ အကြမ်းဖက်အဖွဲ့က ပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားပြီး နာရီပိုင်းအတွင်း အဆိုပါဖောက်ခွဲမှုကို ၎င်းတို့အဖွဲ့မှ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သော်လည်း အချို့သော အကြမ်းဖက်အားပေး သတင်းမီဒီယာ Page များနှင့် Website များက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အများပြည်သူလူထုက အထင်အမြင် လွဲမှားစေရေး မဟုတ်မမှန် သတင်းအမှားများ လုပ်ကြံရေးသား၍ သတင်းအဆိပ်တိုက်ကျွေးနေမှုများကို မိဘပြည်သူများအနေဖြင့် သတင်းအမှန်သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

**သတင်းစဉ်**




“Special Task Agency of Burma (STA) အထူးတာဝန် လုပ်ငန်းအဖွဲ့”အမည်ခံ အကြမ်းဖက်အဖွဲ့က အင်းစိန်အကျဉ်းထောင်ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုထားသည့် ကြေညာချက်မှတ်တမ်းဓာတ်ပုံ။



ဒါရိကာဗလီအတွင်း ဘိုးတော်ဆောင်အနီး၌ ၁၉-၁၀-၂၀၂၂ ရက်က တရားခံ ကောင်းထက်(ခ) ဖိုးစီထားခဲ့သည့် လက်လုပ်မိုင်းများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပလတ်စတစ်လက်ဆွဲခြင်း တစ်လုံး၊ ကြွပ်ကြွပ်အိတ်အမည်းနှစ်လုံးနှင့် ၎င်းဝတ်ဆင်ခဲ့သည့် ဦးထုပ် တစ်လုံးတို့အား တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ပေါက်ပါဆယ်ထုပ်လက်ခံသည့် အဆောက်အဦ၌ အကြမ်းဖက်သမားများ ထောင်ထားခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ မျက်နှာချင်းဆိုင်တွေ့ဆုံ

**ဘာလီ နိုဝင်ဘာ ၁၄**

တရုတ်သမ္မတရှီကျင့်ဖျင်သည် အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် နိုဝင်ဘာ ၁၄ ရက်က တွေ့ဆုံကြောင်း သိရသည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်ဟု ကမ္ဘာတစ်ဝန်းက မျှော်လင့်မိကြောင်း သမ္မတရှီက ပြောကြားသည်။

အမေရိကန်သမ္မတသည် ဘာလီမြို့၌ ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမတိုင်မီ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံကြခြင်းဖြစ်သည်။

ယခုတွေ့ဆုံမှုသည် ၂၀၂၁ ခုနှစ် အမေရိကန်သမ္မတဘိုင်ဒင် သမ္မတတာဝန်ထမ်းဆောင်သည့် အချိန်မှစကာ ခေါင်းဆောင်များကြား ပထမဆုံး လူကိုယ်တိုင်တွေ့ဆုံခြင်းဖြစ်ပြီး လုံခြုံရေးနှင့် စီးပွားရေးကိစ္စရပ်များ တိုးမြှင့်လာဖွယ်ရှိကြောင်း၊ အစည်းအဝေးတွင် အမေရိကန်သမ္မတက ဝါရှင်တန်နှင့် ပေကျင်းမြို့ကြား ဆက်သွယ်ရေးလိုင်းများ ပွင့်လင်းလာစေရန် ကတိပြုပြောကြားသည်။ တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့သည် ၎င်းတို့၏ ဆွေးနွေးပွဲများတွင် အမြင်ချင်းဖလှယ်ကြမည်ဟု မျှော်လင့်မိကြောင်း၊ ၎င်းတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် အဓိကကျသည့် ခေါင်းဆောင်များအဖြစ် ရည်မှန်းချက်များကို ဆုံးဖြတ်ရမည်ဖြစ်ပြီး မှန်ကန်သည့်လမ်းစဉ်ကို လိုက်နာရမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

## ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ပထမဆုံးအကြိမ် လူကိုယ်တိုင် တွေ့ဆုံမည်

**တိုကျို နိုဝင်ဘာ ၁၄**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပြုလုပ်သော အေပက် (APEC) အစည်းအဝေး၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နိုဝင်ဘာ ၁၇ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း တိုကျိုအစိုးရ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာ ၁၄ ရက်တွင် ပြောသည်။



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်။

ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ကီရှီဒါ အနိုင်ရရှိပြီးနောက် ၂၀၂၁ ခုနှစ် အောက်တိုဘာလက ဖုန်းဖြင့် ဆွေးနွေးမှုများ ရှိခဲ့သော်လည်း ယခုတွေ့ဆုံမှုသည် ခေါင်းဆောင်နှစ်ဦးကြား ပထမဆုံးအကြိမ် လူကိုယ်တိုင် တွေ့ဆုံမှုဖြစ်လာမည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ပေကျင်းမြို့တွင် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးနှင့် နောက်ဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် စက်တင်ဘာလက သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့်မြောက်ခဲ့ပြီး ကမ္ဘာ့ဒုတိယနှင့် တတိယ စီးပွားရေး အင်အားကြီးနိုင်ငံများ ဖြစ်သည့်အလျောက် အဓိက ကုန်သွယ်ဖက် နိုင်ငံများလည်း ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီက တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဂျပန်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် သွားရောက်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မည့် စီးပွားရေးဇုန်သစ်တည်ထောင်ရန် သီရိလင်္ကာနိုင်ငံ စီစဉ်

**ကိုလံဘို နိုဝင်ဘာ ၁၄**

သီရိလင်္ကာအစိုးရသည် နိုင်ငံအနောက်ပိုင်းနှင့် မြောက်ပိုင်း ဟန်ဘန်တိုတာနှင့် ထရီကိုမလီခရိုင်တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် စီးပွားရေးဇုန်သစ်များကို ထူထောင်မည်ဖြစ်ကြောင်း သမ္မတ ရာနေး ဝစ်ခမီဆင်းဂေးလ်က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ဇုန်တစ်ခုစီအတွက် မြေဧက ၁၀၀၀ ထက် မနည်းစီမံသွားမည်ဖြစ်ကြောင်း ၂၀၂၃ ဘတ်ဂျက်ကို လွှတ်တော်သို့တင်ပြသည့်အချိန်တွင် သမ္မတက ပြောကြားသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပကုန်သွယ်မှုကို မြှင့်တင်ရန် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက သတင်းအေဂျင်စီတစ်ခုသို့ ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် လာမည့် ၁၀ နှစ်ကျော်အတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် စီစဉ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီတိုးတက်မှုတို့မှတစ်ဆင့် မြင့်မားသည့် စီးပွားရေးတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ရရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**



သီရိလင်္ကာသမ္မတ ရာနေးဝစ်ခမီဆင်းဂေးလ်။

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၃၇၆၅ ဦးတွေ့ရှိပြီး ၄၄ ဦးသေဆုံး

**ဆိုးလ် နိုဝင်ဘာ ၁၄**

တောင်ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာ ၁၃ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၃၇၆၅ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၆၂၁၇၉၉၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေး အာဏာပိုင်များက နိုဝင်ဘာ ၁၄ ရက်တွင် ပြောသည်။



တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ရန် ပါးစပ်၊ နှာခေါင်းစည်းတပ်ကာ သွားလာနေသူများကို တွေ့ရစဉ်။

တောင်ကိုရီးယား နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါနေ့စဉ်ကူးစက်မှုပမာဏသည် ယခင်ရက်ကထက် ကျဆင်းလာကြောင်း ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (ကေဒီစီအေ) ၏ ထုတ်ပြန်ချက်အရ သိရသည်။ ထပ်မံ ကူးစက်ခံရသူများအနက် ၅၄ ဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်သည့်အတွက်ပြည်ပပြန် ကူးစက်ခံရသူ စုစုပေါင်း ၇၀၄၈၄ ဦး အထိ ရှိလာပြီဖြစ်သည်။

ထို့အပြင် တောင်ကိုရီးယား နိုင်ငံ၌ ရောဂါကူးစက်ခံရပြီး ပြင်းထန်သည့် အခြေအနေတွင် ရှိသူ ၄၁၃ ဦး ရှိပြီး ယခင်ရက်ကထက် ၁၇ ဦး တိုးလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၄၄ ဦးရှိသည့်အတွက် အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၉၇၀၉ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

## ဖီဂျီကျွန်း၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွား

**ဆူဗား နိုဝင်ဘာ ၁၄**

ဖီဂျီကျွန်း၏ တောင်ပိုင်း၌ နိုဝင်ဘာ ၁၄ ရက်တွင် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒစစ်တမ်းက ပြောကြားသည်။

ငလျင်အနက်မှာ ၆၂၇ ဒသမ ၄ ကီလိုမီတာရှိကြောင်း၊ ငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ CMP၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ တင်ပို့မှုများရှိပြီး လယ်ယာထွက်ကုန်ပစ္စည်းများမှ ငရုတ်၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ဂေါ်ဖီထုပ်၊ နနွင်း၊ ကြာပန်းခြောက်၊ ပြောင်းမှုန့်၊ ဆန်ကွဲ၊ ဝဥစို၊ မြေပဲ၊ ရော်ဘာ၊ နှမ်း၊ ကွမ်းသီး၊ ဆီးဖြူသီးခြောက်၊ သံပရာသီးတို့ကိုလည်း တင်ပို့လျက်ရှိသည်။

ရေထွက်ကုန်ပစ္စည်းများမှ ငါးပါးနီ၊ ငါးမွှေထိုး၊ ငါးသလောက်၊ ငါးခွေးလျှာ၊ ငမုတ်၊ ကဏန်း၊ ပုစွန်၊ ငါးပိတို့ တင်ပို့လျက်ရှိသည်။ အများဆုံး ပို့ကုန်ပစ္စည်းမှာတော့ CMP ၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ငါးပိ၊ ငရုတ်တို့ တင်ပို့လျက်ရှိသည်။ CMP တင်ပို့မှုတွင် အမျိုးသား အမျိုးသမီးဝတ် ကုတ်အကျႌ၊ ဂျာကင်အကျႌများ တင်ပို့ခဲ့သည်။ ရေထွက်ပစ္စည်းတင်ပို့မှုသည် မဲဆောက်မှတစ်ဆင့် ထိုင်းနိုင်ငံဘန်ကောက်မြို့အထိ အချိန်မီ တင်ပို့လျက်ရှိကြောင်း သိရသည်။ ရေထွက်ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်၊ ကုန်သွယ်ရေးဇုန်၊ BCF တံတား-၂ တို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ အမြန်ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုနည်းတူ ကုန်စိမ်း ပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။



သွင်းကုန်တင်သွင်းမှုအနေဖြင့် ချည်ပိတ်လိပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးများ၊ ဆိုင်ကယ်အပိုပစ္စည်းများ ဖိနပ်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ သစ်သီး၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်း၊ ဖိနပ်အပိုပစ္စည်းများ၊ Gas ၊ Lubricant များ၊ အိမ်သုံးပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ စက်ဘီးများ၊ စာရေးကိရိယာများ၊ ကားအပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ Garment ၊ ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ ကြွေပြားများ အများဆုံးတင်သွင်းခဲ့သည်။

သွင်းကုန်များ တင်သွင်းကုန်သည်များအနေဖြင့် ယခုလဆန်းပိုင်းတွင် ဘတ်ဈေးသည် တစ်ဘတ်လျှင် ၆၇ ကျပ်ထိရှိခဲ့ပြီး ယခုလကုန်ပိုင်း၌ တစ်ဘတ်လျှင် ၈၀ ဒသမ ၀၀ ကျပ်ခန့်အထိ ဘတ်ဈေးပြန်တက်လာသောကြောင့် ဘတ်ဈေးအတက်အကျ မတည်ငြိမ်သဖြင့် သွင်းကုန်ပစ္စည်းများကို ချိန်ဆတင်သွင်းနေကြောင်း သိရသည်။

## အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ မူပိုင်ခွင့်ရုံးများမှ ဌာနအကြီးအမှူးများ၏ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ မူပိုင်ခွင့်ရုံးများမှ ဌာနအကြီးအမှူးများ၏ အစည်းအဝေး (Korea-ASEAN Heads of IP Offices Meeting) ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ကိုယ်စားလှယ်နှစ်ဦး ပါဝင်တက်ရောက်လျက်ရှိပါသည်။

အဆိုပါအစည်းအဝေးသည် အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့အကြား မူပိုင်ခွင့်ဆိုင်ရာ အသိပညာအခြေခံအဆောက်အအုံများ တိုးတက်ရေးနှင့် မူပိုင်ခွင့်စနစ်မြင့်မားတိုးတက်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အဆိုပါပူးပေါင်းဆောင်ရွက်မှုများသည် ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်ထားသော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များရရှိစေရန် အဓိကအချက်ဖြစ်သည့် တီထွင်ဆန်းသစ်မှုအတွက် ကောင်းမွန်သော မူပိုင်ခွင့်ဂေဟစနစ် (IP ecosystem) ကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးကာလအတွင်း အာဆီယံနိုင်ငံတစ်နိုင်ငံချင်းစီနှင့် အပြန်အလှန်ဆွေးနွေးပွဲ (Bilateral Meeting)များကို ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ကိုရီးယားနိုင်ငံ မူပိုင်ခွင့်ဆိုင်ရာ ပြပွဲအခမ်းအနား (2022 Korea Intellectual Property Exhibition) ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အာဆီယံဒေသတွင်းရှိ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် ဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်စာအုပ်ကို Website များတွင် လွှင့်တင်ထားရှိ

Annual Work Plan-4 ၏ Activity 12 အရ အာဆီယံဒေသတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် ဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်စာအုပ် (Guidebook on Regional Intellectual Property Management for SMEs in ASEAN) ကို ARISE+IPR က ပြုစုရေးသားခဲ့သည်။

အဆိုပါလမ်းညွှန်စာအုပ်ကို အာဆီယံနိုင်ငံအသီးသီး၏ ဘာသာစကားများဖြင့် ဘာသာပြန်ဆိုနိုင်ရေးကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် http://internationali-pcooperation.eu Website ၏ ARISE+IPR ကဏ္ဍ၊ Publications ၊ Promotional Material ခေါင်းစဉ်အောက်၌လည်းကောင်း၊ မူပိုင်ခွင့်ဦးစီးဌာန၏ Website ဖြစ်သော www.ipd.gov.mm တို့တွင်လည်းကောင်း လွှင့်တင်ထားရှိပြီးဖြစ်သည့်အတွက် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

## တိုးချဲ့စိုက်ပျိုးသင့်သည့် ဝင်ငွေကောင်းသော နှမ်းသီးနှံ

နှမ်းသီးနှံကို အပူပိုင်းဒေသများဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး ကျန်တိုင်းဒေကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှမ်းစိုက်ပျိုးသော ဧရိယာသည် ဆီထွက်သီးနှံအားလုံး စိုက်ဧရိယာ၏ တစ်ဝက် ၅၀ ရာခိုင်နှုန်းကျော် ရှိသည်။ ယခုအခါ ပဲမျိုးစုံသီးနှံများ၏ ဈေးကွက်မခိုင်မာမှုကြောင့် အချို့သော ပဲစိုက်ဧရိယာများတွင် နှမ်းသီးနှံကို အစားထိုး တိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မိုးစိုက်ဧက ၄၂၉၄၇၂ ဧက၊ ဆောင်းစိုက်ဧက ၅၅၇၉၅၂ ဧကနှင့် နွေစိုက်ဧက ၃၈၀၄၀ စုစုပေါင်း ၁၀၂၅၄၆၄ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အောက်တိုဘာလလယ်အထိ မိုးစိုက်ဧက ၄၃၃၃၂၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကလေးခရိုင်တို့တွင် အများဆုံး စိုက်ပျိုးပြီး ယခုနှစ်တွင် ချင်းတွင်းမြစ်ရေဝင်ရောက်လာမှုမရှိသည့်အတွက် ချင်းတွင်းမြစ်အရှေ့ဘက်ရှိ ကျေးရွာများတွင် နှမ်းသီးနှံများ ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

မိုးနှောင်းကောင်းမွန်သောကြောင့် မိုးရေရရှိသဖြင့် ကုန်ကျစရိတ်သက်သာသောကြောင့် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ ငွေကျပ်သုံးသိန်းခန့်သာ ကုန်ကျကြောင်း၊ ပေါက်ဈေးအနေဖြင့် ယခင်နှစ်တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀၊ ယခုနှစ်တစ်တင်းလျှင် ငွေကျပ် ၇၄၀၀၀ ရရှိသဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ငွေကျပ် ၃၄၀၀၀ ပိုမိုရရှိကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀ တင်း ထွက်ရှိသဖြင့် ငွေကျပ်ခုနစ်သိန်းခွဲခန့် ဝင်ငွေရရှိပြီး အကျိုးအမြတ် ငွေကျပ်လေးသိန်းခွဲခန့် ရရှိကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

## အရောင်းအဝယ်ဖြစ်နေသော ကြက်သွန်နီ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ်အတွင်း မိုးကြက်သွန်နီစိုက်ဧကမှာ ၂၂၅၃ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ မုံရွာပွဲရုံများသို့ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်မှုမှာပိဿာချိန် ၁၃၀၀၀ ခန့်အဝင်ရှိပြီး ဒေသတွင်းဘုရားပွဲများ၊ ကထိန်ပွဲများ ရှိနေသောကြောင့် ဝင်သမျှ ကြက်သွန်များ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရန်ကုန်၊ မန္တလေးနှင့် အထက်မြစ်ရိုးတစ်လျှောက် တင်ပို့ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာလက်ကားပေါက်ဈေးနှုန်းများမှာ (ကြီး) ငွေကျပ် ၃၇၀၀၊ (လတ်) ငွေကျပ် ၃၅၀၀၊ (သေး) ငွေကျပ် ၃၃၀၀ နှုန်းရှိပြီး လက်လီဈေးနှုန်းများမှာ (ကြီး) ငွေကျပ် ၄၀၀၀၊ (လတ်) ငွေကျပ် ၃၈၀၀၊ (သေး) ငွေကျပ် ၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ကြက်သွန်ဖြူလက်လီပေါက်ဈေးမှာ ဗမာဖြူတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀- ၄၇၀၀ ၊ ရှမ်းစ ငွေကျပ် ၄၇၀၀ နှင့် ကြူကုတ် ငွေကျပ် ၆၀၀၀-၆၃၀၀ ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီး အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

**ဇေယျာကုန်သွယ်မှုဗဟိုဌာန**

## ရှင်ဒေသ မက္ကဒေးမီးယားစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှင်ဒေသတွင် မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ကြပြီး တစ်မြို့နယ်လုံးတွင် စိုက်ပျိုးပင်ရေတစ်သိန်းကျော်ရှိကြောင်း သိရသည်။ နှစ်စဉ်ဧပြီလတွင်တစ်ကြိမ် ခူးဆွတ်ရပြီး ဒုတိယအကြိမ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရင့်မှည့်အသီးများ ထပ်မံရရှိသည်။ ရင့်မှည့်အသီးများမှာ အခွံမာသီးများဖြစ်၍ (Heat house)ခေါ် အပူလှုန်းအိမ်တွင်းဖြန့်ခင်း အခြောက်ခံစနစ်ဖြင့် အခြောက်ခံရပြီး အခွံမာသီးများကို လုံးစင်ခွဲကိရိယာဖြင့် ခွဲထုတ်ရာမှ အစေ့အဆန် အဖြူလေးများရရှိ၍ တိုက်ရိုက်စားသုံးနိုင်သည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် အစေ့အဆန်တစ်ကီလိုလျှင် ငွေကျပ်၂၈၀၀၀ ရှိပြီး ပြည်တွင်း၌ဒေသပေါင်းစုံသို့တင်ပို့ရောင်းချလျက်ရှိသည်။ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကုန်သည်များ ဒေသအရောက် ကွင်းဆင်းဝယ်ယူလျက်ရှိပြီး ပြည်ပကြိုက် စားသုံးသီးနှံဖြစ်ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။ **DOCA (ရှမ်း)**

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၂ ရက် ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

(၁၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၄၀,၆၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၇၁၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၀၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၂) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၉၀(**အပေါ်ပုံ**)၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၄၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၅၆၃ ဦးကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၄

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၁၄၃၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၄၂ ဦး၊ ခွဲစိတ်ရောဂါ ၆၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၈ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၃၇၈ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၂၈၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၇ ဦး စုစုပေါင်း ၁၄၃၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၉ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၅၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ မျက်စိအတွင်းတိမ်ရောဂါဖြင့် ကုသမှုခံယူနေသည့်လူနာများကို မျက်မှန်များ တပ်ဆင်လှူဒါန်းပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

**ထူးခြား** အံ့ချီးဖွယ်ရာ သာသနာ့နယ်မြေ။ သာမောဖွယ်ရာ တောတောင် သဘာဝအလှအဖုံဖုံ ခြယ်မှုန်း ထားသော ရေထွက်စမ်းများ ထွက်ရှိရာဒေသ။ ဤဒေသ တစ်ခွင်သည်ကား "ကျိုက်ထီးရိုးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော" တည်ရှိရာ မွန်ပြည်နယ် ကျိုက်ထိုမြို့၏ မြောက်ဘက် ကိုးမိုင်အကွာ၌ ဖြန့်ကြက်ဖြစ်တည်နေ၏။


သိန်းညွန့် PZL

# ကျိုက်ထီးရိုး သဘာဝနယ်မြေထိန်းသိမ်းရေး ဘေးမဲ့တော

ယခင်ကဘေးမဲ့တောကို ၃၈၆၀၆ ဧကဖြင့် စတင်ဖွဲ့စည်းခဲ့သော ဘေးမဲ့တောဧရိယာသည် ၅၂ ဒသမ ၀၉ ဧက ကို ပယ်ဖျက်ပေးခဲ့ရ၍ လက်ရှိကာလတွင် ၃၈၅၅၃ ဒသမ ၉၁ ဧက ကျယ်ဝန်းပါသည်။ လွန်ခဲ့သော ၂၀၀၁ ခုနှစ် ဇူလိုင် ၆ ရက်မှစ၍ "ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" အဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

တောင်တန်း၊ သစ်တောနှင့် မြက်ခင်းဂေဟာစနစ်သုံးမျိုးဖြစ်တည်နေသော ယင်းဘေးမဲ့တောအတွင်းတွင် အမြဲစိမ်းတော၊ အထက်ရွက်ပြတ်ရောနှောတောစိုနှင့် တောင်ပေါ်တောသုံးမျိုးကို တွေ့ရှိရကြောင်း သိမှတ်ရပါသည်။

**သဘာဝရေထွက်စမ်းများ**

သဘာဝရေထွက်စမ်းများဖြစ်ကြသော ကျီးကန်းပါးစပ်၊ မုဆိုးတောင်၊ ကိုးနဝင်း၊ ဝိဇ္ဇာတောင်၊ မြစိမ်းတောင်၊ ဒီးဒုတ်မြောင်၊ ရှမ်းအိပ်တောင်၊ လေးဖာတော၊ ရေမြောင်ကြီးနှင့် ရေမြောင်ကလေး ရေထွက်စမ်းများသည် ပတ်ဝန်းကျင် ကျေးရွာပြည်သူများအတွက် စိုက်ပျိုးရေးအပြင် သောက်သုံးရေအဖြစ်ပါ ပွံ့ပိုးထွက်ရှိနေပါ၏။

ကျားသစ်၊ တောဝက်၊ ချေ၊ ဆတ်၊ တောင်ဆိတ်၊ တောကြောင်နှင့် ဝက်ဝံ စသည့်နို့တိုက်သတ္တဝါများ ကျင်လည်ကျက်စားကာ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါမျိုးစိတ်များဖြစ်ကြသော လိပ်ကြက်တူရွေး၊ ပုတ်သင်ပျံ၊ကင်းလိပ်ချောနှင့် မျိုးစိတ်အသစ်၊ စပါးနီမြွေ စသည့်သတ္တဝါများလည်း တွေ့ရှိရပါသည်။

ယခင်ကာလက "မျောက်မျက်ကွင်းပြာ" ဟု သိထားခဲ့ကြသော မျောက်များကို ဒီအင်န်အေ (D.N.A) ကို စစ်ဆေးရာမှ မျောက်မျိုးစိတ်အသစ်ဖြစ်သော "ပုပ္ပါးမျောက်မြီးရှည်" မျိုးစိတ်အသစ် ပျော်စံမြူးတူးရာ ဘေးမဲ့တောတစ်ခုလည်းဖြစ်သည်။ ဦးခေါင်းနှင့် ခန္ဓာကိုယ်အရှည် ၅၂-၆၂ စင်တီမီတာရှိသော ယင်းမျောက်မျိုးစိတ်များကို ဧရာဝတီမြစ်နှင့် သံလွင်မြစ်အကြား မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မွန်၊ ကယား တစ်ခွင်နှင့် ကရင်ပြည်နယ်တောင်တန်း အနောက်ဘက်တောင်ခြေများ၌ တွေ့ရှိရကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့- မြန်မာ (FFI) ၏ ထုတ်ပြန်ချက်အရ မြန်မာတစ်နိုင်ငံလုံးတွင် ကောင်ရေ ၂၀၀ -၂၅၀ မျှသာ ကျန်ရှိတော့ကြောင်း မှတ်သားရပါသည်။

> **ယခင်ကာလက "မျောက်မျက်ကွင်းပြာ" ဟု သိထားခဲ့ကြသော မျောက်များကို ဒီအင်န်အေ (D.N.A) ကို စစ်ဆေးရာမှ မျောက်မျိုးစိတ်အသစ်ဖြစ်သော "ပုပ္ပားမျောက်မြီးရှည်" မျိုးစိတ်အသစ် ပျော်စံ မြူးတူးရာ ဘေးမဲ့တော တစ်ခုလည်းဖြစ်**

**ရေရှည်ရှင်သန် ပေါက်ပွားရာ**

ဤကဲ့သို့ "ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" ကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် သာသနာ့နယ်မြေဝန်းကျင်ရှိ သစ်ပင်၊ သစ်တောများ အပါအဝင် သားငှက်တိရစ္ဆာန်များ ရေရှည်ရှင်သန်ပေါက်ပွားနိုင်ရန် ရည်ရွယ်ချက်ထားရှိပေသည်။

ထိုမျှမက "ပုပ္ပားမျောက်မြီးရှည်" ကဲ့သို့သော ရှားပါးတိရစ္ဆာန်များနှင့် ယင်းတို့၏ နေရင်းဒေသများကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်မည်လည်း ဖြစ်ပါ၏။ သဘာဝခရီးသွားလုပ်ငန်းအတွက် အထောက်အပံ့ပြုနိုင်သော၊ ထူးခြားလှပသော သစ်ခွပန်းအလှပသာဒ၊ ငှက်များ၏ စရိုက်သဘာဝ၊တောတွင်းခရီး အဖြစ် လမ်းလျှောက်လေ့လာနိုင်ကြမည့် ဘေးမဲ့တောကြီးတစ်ခုလည်း ဖြစ်ပါသည်။

**သဘာဝရှုခင်းနှင့် ရေတံခွန်များ**

ကင်မွန်းစခန်းမှသည် ၃၁၈၈ ပေ မြင့်မားသော "ရသေ့တောင်" အထိ ခုနစ်မိုင်ခရီးကို ကားလမ်းအတိုင်း လျှောက်လမ်းတက်ရောက်မည်ဆိုပါက လမ်းခရီးတစ်လျှောက် လှပသောရေတံခွန်များနှင့် သဘာဝရှုခင်းများကို ထိတွေ့ခံစားနိုင်ကြမည်လည်း ဖြစ်ပါ၏။

ယခုအခါ "ကျိုက်ထီးရိုး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော" ကို ဇုန်နယ်မြေအားဖြင့် လေးခုခွဲခြား သတ်မှတ်ကာ နယ်မြေအလိုက် စမတ်နည်းပညာ အသုံးပြုကာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ယင်းကဲ့သို့ ထိန်းသိမ်းရာတွင် ကင်းလှည့်ခြင်း၊ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်း စစ်ဆေးခြင်း၊ သုတေသန ပြုလုပ်ခြင်းမျှသာမက မြေအသုံးချမှု မှန်/မမှန် စစ်ဆေးကာ ပျံ့နှံ့ကျက်စားနေကြသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်နှင့်သစ်ပင်များကို လေ့လာဖော်ထုတ်ခြင်းများ ဆောင်ရွက်ဖော်ဆောင်နေကြောင်း သိမှတ်ရပါသည်။ ။





ကျိုက်ထီးရိုးသဘာဝနယ်မြေထိန်းသိမ်းရေး ဘေးမဲ့တောနှင့် သဘာဝရေထွက်စမ်းချောင်းကို တွေ့ရစဉ်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၀ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၉၂၀ |
| 95 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၆ | ၂၀၄၉ |
| 95 Ron | ၂၀၉၄ | ၂၁၇၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၅၉ |
| HSD (50 ppm) | ၂၅၅၂ | ၂၆၃၂ |
| HSD (10 ppm) | ၂၅၅၂ | ၂၆၃၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေး နှိုးဆော်ချက်

၁။ ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာလ( ၁၅ )ရက်မှ မေလ( ၁၅ )ရက်အထိ ကာလကို ရေနည်းကာလအဖြစ် သတ်မှတ်၍ ရေကြောင်းနယ်မြေအလိုက် အောက်ပါအတိုင်း ရေယာဉ်များ၏ ဝန်တင်ရေစူးကို ကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟင်္သာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူး ကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## တိုင်းရင်းဆေးဖြင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ဖြူး နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနနှင့် ဖြူးမြို့နယ် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက ဖြူးမြို့နယ် ဇေယျဝတီမြို့ ဂျေပူအထက ကျောင်း၌ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ် တိုင်းရင်းဆေးဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်ဝင်းဝင်းအေးနှင့် မြို့နယ် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ဇင်မင်းထွန်းတို့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဆေးစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ အဖြစ်များသည့် ချောင်းဆိုးခြင်း၊ အစာမကြေ ဝမ်းဖောဝမ်းရောင်ခြင်း၊ ကျောင်းသူများအတွက် မီးယပ်ပိုင်းဆိုင်ရာများအတွက် ကုသပေးခြင်း၊ လိုအပ်သည့် ဆေးများပေးခြင်းကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**





## မကွေးတိုင်းဒေသကြီး၌ ကျေးလက်လမ်း ၁၇၅ မိုင်နှင့် ကျေးလက်တံတား ၁၃၈ စင်း ဆောင်ရွက်လျက်ရှိ

**မကွေး နိုဝင်ဘာ ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ဦးသင်းမင်းလတ်က ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်/မြို့နယ်တာဝန်ခံများက မိမိခရိုင်/မြို့နယ် အသီးသီးတွင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၄၈၃ ဒသမ ၅၉၄ သန်းဖြင့် ကျေးလက်လမ်း ၃၉ မိုင်ကျော်၊ ကျေးလက်တံတား ၄၂ စင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၈၀၉၂ ဒသမ ၆၈၀ ဖြင့် ကျေးလက်လမ်း ၁၃၆ မိုင်ကျော်နှင့် ကျေးလက်တံတား ၉၆ စင်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုစည်သူ (မကွေး)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ဥဿျှစ်လှိုင်းကျေးရွာနေ ချမ်းကိုကို(ခ) ချမ်းမင်းဦးသည် ၎င်းအသုံးပြုသည့် “Chan Min Oo” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အင်းကုန်းကျေးရွာနေ မောင်မောင်(ခ) မောင်ပုသည် ၎င်းတို့အသုံးပြုသည့် “Mg Mg” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငါန်းဇွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီး PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ငါန်းဇွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီး PDF အမည်ခံ အကြမ်းဖက်သမားများက နိုဝင်ဘာ ၁၃ရက် ညနေ ၃ နာရီခွဲခန့်တွင် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တမ်းရပ်ကွက်နေ ဒေါ်လှလှဝင်းသည် မြင်းခြံမြို့နယ် ကျောက်တိုင်ကျေးရွာသို့ မွေးနေ့ပွဲသွားရောက်ရန် မိတ်ဆွေများခေါ်ဆောင်၍ LIGHT TRUCK အမျိုးအစား မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ငါန်းဇွန်မြို့နယ် တံတားဦး- မြင်းခြံသွား ကားလမ်း မင်းနေကုန်း ကျေးရွာလမ်းခွဲသို့ ညနေ ၃ နာရီခွဲခန့်တွင် ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လမ်း၏ ဝဲဘက်ခြမ်းမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး မိုင်းစထိမှန်သေဆုံးခဲ့ပြီး ငါးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး သေဆုံးအလောင်းနှင့် ဒဏ်ရာရသူများအား ဆေးကုသမှုခံယူနိုင်ရေး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ကြောင်းနှင့် ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများကို မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့နယ်အတွင်းရှိ ဘိန်းစိုက်ခင်းများအား သက်ဆိုင်ရာပူးပေါင်းအဖွဲ့မှ စုပေါင်းဖျက်ဆီး

**ဆီဆိုင် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စု ထီဒေးကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ အနီးတစ်ဝိုက်ရှိ အမြင့် တစ်ပေခွဲခန့် ဖူးပွင့်ဆဲဘိန်းစိုက်ခင်း ခြောက်ဧက၊ နားခိုက်ကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ အနီးတစ်ဝိုက်ရှိ အမြင့် တစ်ပေခွဲခန့် ဖူးပွင့်ဆဲဘိန်းစိုက်ခင်း ရှစ်ဧကနှင့် လွယ်ပွတ်ကျေးရွာအုပ်စု ဘန်းနောင်ကားကျေးရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ အနီးတစ်ဝိုက်ရှိ အမြင့် တစ်ပေခွဲခန့် ဖူးပွင့်ဆဲဘိန်းစိုက်ခင်း ၁၄ ဧကတို့ကို နိုဝင်ဘာ ၁၃ ရက်က သက်ဆိုင်ရာပူးပေါင်းအဖွဲ့မှ အဖွဲ့ နှစ်ဖွဲ့ခွဲ၍ စုပေါင်းဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်ကျော်နှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဝင်းဇော်ဦးတို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ PNO ပြည်သူ့စစ်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများက ကျေးရွာသားများနှင့်အတူ ဖူးပွင့်ဆဲဘိန်းစိုက်ခင်း၂၈ ဧကကို စုပေါင်းဖျက်ဆီး ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ ဆီဆိုင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘိန်းစိုက်ရာသီအတွင်း ဘိန်းစိုက်ခင်းများကို နိုဝင်ဘာ ၁၀ ရက်မှ စတင်ဖျက်ဆီးခဲ့ရာ နိုဝင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၂၅ ဧက ဖျက်ဆီး ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၂၂ မိုင် ၃ ဖာလုံတွင် လားရှိုးမှ မန္တလေးသို့ မောင်းနှင်လာသော မော်တော်ယာဉ် သုံးစီးပေါ်၌ တရားဝင်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၄၀၀၀၀)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၉၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ခုနစ်မိုင်နှင့် ခြောက်မိုင်အကြားတွင် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားမဝင် ကညင်ခွဲသား ၅ ဒသမ ၂၆၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Truck အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၂၆၀၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့အဝင်ဂိတ်တွင် ခရီးသည်တင် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၆၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် အဝတ်လျှော်ဆပ်ပြာရည် ၁၈၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် NISSAN Diesel အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ (၁၀ ဒသမ ၉၇၄၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၀၇၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ညောင်ခါးရှည်အရှေ့ဘက် ငါးမိုင်ခန့်အကွာ ဆပ်သွားခြံကျေးရွာအနီးတွင် Lexus အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၆၂၀၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ နိုဝင်ဘာ ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးစီးဖိနပ် အရန် ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၈၃၄၁၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပင်းတယမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးဖြစ်ထွန်း

**ပင်းတယ နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၈၈၀ တည်ရှိပြီး နွေ၊ မိုး၊ ဆောင်း ရာသီဥတုကို မျှတစွာ ရရှိသော တောင်ပေါ်ဒေသဖြစ်၍ အဆိုပါဒေသတွင်နေထိုင်သူ အများစုမှာ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြရာ ယခုအခါ ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

ယခုလက်ရှိ ပင်းတယမြို့နယ်၌ ဆီနေကြာ ၁၀ ပိဿာ တစ်ပုံးလျှင် ကျပ် ၁၃၀၀၀၀ မှ ၁၄၀၀၀၀ အထိ ရရှိနေကြောင်း သိရပြီး အဆိုပါဒေသတွင် နေထိုင်ကြသူများမှာ ဒေသရိုးရာ အစားအစာများဖြစ်သည့် လက်ဖက်၊ ဂျုံ၊ ပဲပုပ် လုပ်ငန်းအပြင် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပန်းဂေါ်ဖီ၊ ပန်းမုန်လာ၊ ဆီနေကြာ၊ မြေပဲ၊ ပြောင်း၊ ထောပတ်၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ တောင်ယာနှင့် လယ်ယာစသည့်တို့ကို တစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် လုပ်ကိုင်ကြသည့်အပြင် အိမ်တွင်းမှုရိုးရာ လက်မှုပညာဖြစ်သော ထီး၊ ခမောက်၊ ရှမ်းစက္ကူလုပ်ငန်းများကိုလည်း လုပ်ကိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**အောင်ကိုဦး (ပြန်/ဆက်)**

# ဘော်လီဘောအားကစားအဖွဲ့ တရုတ်နိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန် ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၄**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ အရည်အသွေး၊ အရည်အချင်းများ ပိုမိုတိုးတက်လာစေရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက G to G အစီစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ချန်ဆားမြို့တို့တွင် ပူးတွဲလေ့ကျင့်မှုပြုလုပ်ရန် ပထမအသုတ်အဖြစ် ဘော်လီဘောအားကစားအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ဘော်လီဘောအသင်းသည် အမျိုးသား လက်ရွေးစင်ကစားသမားများနှင့် မျိုးဆက်သစ်ကစားသမား ၁၈ ဦး၊ အမျိုးသမီးကစားသမား ၁၅ ဦးနှင့် နည်းပြ၊ အုပ်ချုပ်သူငါးဦး စုစုပေါင်း ၃၈ ဦး ထွက်ခွာသွားသည်။

“(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အမျိုးသမီးအသင်းက အတွေ့အကြုံနဲ့ အဆင့်တစ်ခုရအောင် ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ အမျိုးသားအသင်းက ဆီးဂိမ်းမှာ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့ အဓိကယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဆုတံဆိပ်မျှော်မှန်းထားပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံကို သုံးလခန့် ပူးတွဲလေ့ကျင့်မှုတွေ သွားရောက်ရတာဖြစ်ပါတယ်။ ဘော်လီဘောအားကစားနည်းအနေနဲ့ ဟိုယခင်က ရွှေတံဆိပ် ရဖူးတယ်။ ၁၉၉၅ ဆီးဂိမ်းမှာ ငွေတံဆိပ်ရဖူးတယ်။ ၂၀၀၉ ဆီးဂိမ်းမှာ ကြေးတံဆိပ်ရရှိခဲ့ပါတယ်”ဟု နည်းပြ ဦးကျော်စိုးအောင်က ပြောသည်။

ယင်းဘော်လီဘော အမျိုးသား၊ အမျိုးသမီး အားကစားအဖွဲ့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

တရုတ်နိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုပြုလုပ်ရန် ဝူရှူး၊ ပြေးခုန်ပစ်၊ လက်ဝှေ့အားကစားသမားအဖွဲ့များ ဆက်လက်သွားရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ခတ်ပုံ - တင်စိုး**



# ရခိုင်ယူနိုက်တက်ကို ဂိုးပြတ်သွင်းပြီး မြဝတီ အဆင့် ၄ နေရာတက်လှမ်း

**ရန်ကုန် နိုဝင်ဘာ ၁၄**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရွှေ့ဆိုင်းထားသောပွဲစဉ် (၁၃) ဒုတိယနေ့အဖြစ် ရခိုင်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ နိုဝင်ဘာ ၁၄ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက သုံးဂိုးပြတ်အနိုင်ရပြီး အဆင့် ၄ နေရာ ရရှိခဲ့သည်။

တန်းဆင်းသွားရပြီဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းသည် ရာသီပိတ်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ရခိုင်ယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရမှတ်ငါးမှတ်သာရယူနိုင်ခဲ့ပြီး တန်းဆင်းခဲ့ရခြင်းဖြစ်သည်။ MNL သို့ တစ်ကျော့ပြန်တန်းတက်လာသည့် မြဝတီအသင်းသည် အသင်းသမိုင်းတစ်လျှောက် အမြင့်ဆုံးရပ်တည်မှုအဖြစ် အဆင့် ၄ နေရာရခဲ့ပြီး MNL ထိပ်သီးအသင်းအချို့ကို ကျော်ဖြတ်ကာ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပွဲအစသုံးမိနစ်မှာပင် သက်ဝေမိုးက ဂိုးစတင်သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ဒုတိယဂိုးကို ဟိန်းဇေယျာလင်းက သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် တတိယဂိုးကို ၈၇ မိနစ်တွင် သက်ပိုင်ကိုက သွင်းယူခဲ့သည်။ ပွဲကုန် ၁၈ ပွဲစီ ကစားအပြီးတွင် မြဝတီအသင်းက ရမှတ် ၃၁ မှတ်ဖြင့် အဆင့် ၄၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ငါးမှတ်ဖြင့် အဆင့် ၁၀ နေရာတို့၌ ရပ်တည်ခဲ့သည်။

ရွှေ့ဆိုင်းထားသောပွဲစဉ် (၁၃) တတိယနေ့အဖြစ် နိုဝင်ဘာ ၁၅ ရက် **(ယနေ့)** တွင် ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်လွင်**

# ဂါနာချို၏ နောက်ကျဂိုးကြောင့် ဖူလ်ဟမ်ကို မန်ယူအနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁၆) မှ ဖူလ်ဟမ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက လူစားဝင်ကစားသမား ဂါနာချို၏ နောက်ကျဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မာရှယ်ဦးဆောင်သော မန်ယူအသင်းတိုက်စစ်သည် အဆုံးသတ်ပိုင်း အားနည်းချက်များရှိသော်လည်း နည်းပြတန်ဟတ်၏ လူစားလဲမှန်ကန်မှုကြောင့် လိုအပ်သည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ယခုပွဲစဉ်အတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် မန်ယူအသင်းက ရရှိခဲ့ပြီး အဲရစ်ဆင်က သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပေးလိုက်ရသော ဖူလ်ဟမ်အသင်းသည် ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၆၁ မိနစ်တွင် ရရှိခဲ့ပြီး ဂျိမ်းစ်က သွင်းယူပေးခဲ့သည်။

မန်ယူအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် လူစားဝင်ကစားသမား ဂါနာချိုက အဲရစ်ဆင်၏ဖန်တီးပေးမှုမှ သွင်းယူရရှိခဲ့သည်။ အခြားသောပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုအခါ နိုဝင်ဘာ ၂၀ ရက်တွင် စတင်ကျင်းပတော့မည့် ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် ပရီမီယာလိဂ်ကို ရက်သတ္တခြောက်ပတ်အထိ ရပ်နားသွားတော့မည် ဖြစ်သည်။

**အောင်ဇော်**









**သစ်ပင်**
**နည်းလာ**
**တို့ကမ္ဘာ၊**
**လွန်စွာ**
**ပူအေး**
**ဥတုဘေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်သူ့ကွက်သစ်(၁)လမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ အမှတ် ၁၈၊ ဦးတင်အုန်း အမည်ပေါက် မြေပေါ်တွင် ဆောက်လုပ်ထားသည့်(၁) ခန်းတည်း(၆) ထပ်တိုက်၊ (၄)လွှာ(၂၅ပေx ပေ၅၀) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ရေမီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ရှင်ယုခင် (ခ)မခင်ခင်ဦး ၁၂/လသန(နိုင်)၀၀၁၀၃၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဒေါ်အေးအေးသိန်း ၁/မညန(နိုင်)၀၀၄၅၆၅ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ရာ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချစ်ချစ်စံ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၇၁)
အခန်း(၂၀၁)၊(B5)၊ဒုတိယထပ်၊မင်းဓမ္မလမ်း၊ရွှေကမ္ဘာအိမ်ရာ၊မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ LL.B Group Myanmar Law Firm,
ဖုန်း-၀၉-၄၁၀၀၈၆၉၅

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော် ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ အကွက်အမှတ်နှင့်အမည်(၂၃၊ ကွမ်းခြံ(စကားဝါ))၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ ဝ.၁၁၀ ဧကရှိ ဂရန်မြေကွက်၏ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ ဦးပိုက်ထွေး(ဘ)ဦးထွန်းလင်း ၁၂/ပဇတ(နိုင်)၀၃၁၆၅၀ -ဒေါ်ခင်မျိုးငွေး(ဘ)ဦးတင်ငွေး ၈/ ကမန(နိုင်)၀၀၂၈၀၃ မှ ဦးမြင့်မောင်မောင်(ဘ)ဦးဖေမြင့် ၁၂/ကမန(နိုင်)၀၄၇၂၉၉ ထံသို့ နေပြည်တော် စာချုပ်စာတမ်းရုံး၌ ၅-၉-၂၀၂၂ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၄၁၂၀/၂၀၂၂) အား ယနေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းကြောင်း အသိပေး အပ်ပါသည်။

**ဦးပိုက်ထွေး-ဒေါ်ခင်မျိုးငွေး**

## မိခင်အမည်မှန်

မိုးညှင်းမြို့၊ အမက(စက်ကုန်း) Grade-5 မှ မောင်စျာန်ထူးမြတ်၏ မိခင်အမည်မှန်မှာ ဒေါ်အိအိသင်း ၁/မညန(နိုင်)၁၈၆၄၆၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစည်သူလွင် ၁/မကန(နိုင်)၁၂၈၆၄၃ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၈၆၅၉၁၇၂

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်လမာဆိုင်းခန်းအောင် ၁/မကတ(နိုင်)၁၂၂၆၈၀၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၉၈၁၃၁၀

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂) တတိယတန်း(B)မှ မအိမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးဟံရှင် ၁/မကန(နိုင်) ၁၃၃၁၃၀ဖြစ်ပါကြောင်း။

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ် (၃၈/B) နေ ဒေါ်ငုသစ္စာခင် ၁၂/လမန(နိုင်)၁၆၆၅၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငုသစ္စာခင် ပိုင်ဆိုင်သည့် Daw KHUN THWEL KHAING အမည်ပေါက် ယာဉ်အမှတ် 6E/7937အမျိုး အမည် TOYOTA BELTA NCP 96 အမျိုးအစား SALOON(4x4)(R)၏ ကားအုံနာဘုတ်မှာပျောက်ဆုံးသွားပါသဖြင့် အထက်ပါ TOYOTA BELTA ကားအမျိုးအစား၏ အုံနာဘုတ်အား လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် တစ်စုံတစ်ရာ လွှဲပြောင်းထားခြင်းများ သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်ငုသစ္စာခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ဖြည့်စွက်ကြော်ငြာခြင်း

(၁၀.၅.၂၀၁၉)ရက်စွဲတွင် မြို့တော်သတင်းစာ စာမျက်နှာ(၂၃)ပါ (၂၇.၄.၂၀၁၉)ရက်စွဲတွင် ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ (၂၇.၄.၂၀၁၉)ရက်စွဲတွင် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၁)ပါ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်(၅၈) မြေကွက် အမှတ်(၂၅၈)၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် SP- ဒေါ်ခင်မြဦးမှ အရောင်းမြေပုံကူးလျှောက်မှတ်ချက်အား (၂၂.၂.၂၀၁၆) ရက်နေ့တွင် ကူးယူခဲ့ပြီး ထိုမြေပုံ မြေရာဇဝင်မှာ ဧရိယာမှားယွင်းနေပါသဖြင့် ဌာနသို့ မြေပုံအား ပြန်လည်အပ်နှံခဲ့ကြောင်းနှင့် မြေပုံမြေရာဇဝင်အား ထုတ်ယူခွင့်ပြုပါရန် ရှင်းလင်းတင်ပြလာပါသည်ဟု ဖြည့်စွက်ကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ်၊ ရှမ်းစုကြီးကျေးရွာအုပ်စု၊သံဖြူချောင်းရွာနေ ဦးကြည်ဝင်း-ဒေါ်သက်သက်တို့၏သမီး နှင်းဝတ်ရည်အောင်(ခ)မြတ်နိုး ၇/အတန(နိုင်) ၁၃၂၃၁၂ သည် မိဘမောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ဝတ်ရည်အောင်(ခ)မြတ်နိုးနှင့် ပတ်သက်သော ကိစ္စအဝဝအား မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်ဝင်း ၇/ အတန(နိုင်)၀၀၂၅၇၆**
**ဒေါ်သက်သက် ၇/အတန(နိုင်)၀၀၂၄၅၀**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3943 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ခွန်ထွန်းအောင် ၁၃/ကတလ(နိုင်)-၀၁၂၆၆၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၉၃၇၃၁၄

## ပတ်စ်ပို့ပျောက်

ကျွန်မ မစန္ဒာအေးမြာ(ဘ)ဦးဖိုးကြမ်း ၁၃/ဖခန(နိုင်)၀၇၇၃၃၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၅၁၈၆၀၃၈

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၅)၊ဘုရင့်နောင်လမ်းနေ ဦးသိန်းမင်းထိုက် ၉/ဝတန(နိုင်)၁၁၄၃၇၅ မှ (အလျား ၅၂'-၀'' x အနံ ၃၉'-၀'') Steel Structure (၃)ထပ် သွပ်မိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ဝင်းအောင် (ဘ) ဦးသံချောင်း ၈/နမန(နိုင်)၂၄၁၂၄၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၈၂၆၁၃၁

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ချစ်အေး (ဘ) ဦးသံချောင်း ၈/နမန(နိုင်)၁၃၀၈၆၈ ၏နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၈၇၄၇၁၇၅

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာ ကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ကွင်းအမှတ် (၆၅၄-သုံးတောင်ကွင်း)၊ ဦးပိုင်အမှတ်(N-၇/၁)၊ ဦးထွန်းလင်းအမည်ဖြင့် လ-န/၃၉ ရရှိထားသည့် မြေဧရိယာ(၁ဒသမ၂၀) ဧကထဲမှ ခွဲ၍ အကွက်အမှတ်(A-1)အဖြစ်သတ်မှတ်ထားသည့်၊ မြေပေအကျယ် (၅၀ x ၁၃၀) ပေရှိ အရှေ့လားသော်-မန္တလေး-လားရှိုးလမ်း၊ အနောက်လားသော် ပေ (၂၀)လမ်း၊ မြောက်လားသော် - ဒေါ်စန်းကြည်၏ ခြံမြေ၊ တောင်လားသော်- ပေ(၃၀)လမ်း အနားလေးရပ် အတွင်းရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ဝယ်ထားရှိသူ ဒေါ်သီတာထွေး(ဘ)ဦးမောင်လေး ၉/မရတ(နိုင်)၀၁၅၁၅၅မှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ စရန်ငွေကျပ် တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်ဆာဝါးထူး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၁၅)**
**ရေချမ်းအိုး၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ် ၂၁၃၊ အကျယ်အဝန်း (၂၂ ၁/၂ ပေ x၆၀)ပေ ၁၃၅၀စတုရန်းပေရှိ (ယခုအခေါ် အမှတ် ၂၁၃-က)၊ တောင်ငူလမ်း ၁/၁၂ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော ဦးမြင့်ထွန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင် လက်ရှိပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းနွဲ့ ၁၂/အစန(နိုင်)၁၃၆၂၉၆ တို့ မောင်နှမ(၄)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးစိုးလှိုင် ၁၂/တတန(နိုင်)၀၃၅၁၃၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထက်ပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ် ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက် ၃၉၀/၄၊ စက်မှု ၁လမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ ရသဝတီလမ်း၊ မြေကွက်အမှတ်(၁၀၅)တွင်တည်ရှိသော ဧရိယာအကျယ်အဝန်းပေ(၄၀x၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးဝယ်ယူရန် မြေချပါမစ်မူရင်း၏ မူလအမည်ပေါက်ဖြစ်သော ဦးဘိုကြီး -DC-၀၁၂၄၁၆ထံမှ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်အေးမာ ၈/ခမန(နိုင်) ၁၅၅၆၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးယာမိုး ၅/လဟန(နိုင်)၀၀၀၂၈၃က ဝယ်ယူရန် အဆိုပါ မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနှင်းအေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၅၆၇)**
**အမှတ်(၃၁/က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၈၈၂၇၈၃၇၂၆၊ ၀၉-၄၂၄၉၂၄၂**

## ဦးအောင်အောင်မျိုးနှင့် အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၅)၊ ခိုင်ရွှေဝါလမ်း၊ ဟ/တ-၈၃နေ (ဘ)ဦးသန်းဖေ၏သမီး ဒေါ်နုနုရီ ၁၃/တကန(နိုင်)၁၂၃၄၉၂မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ပြည်နယ်အဖွဲ့ခွဲ)ထံ (၂၃-၆-၂၀၂၂) ရက်စွဲဖြင့် "လင်မယားပြဿနာဖြေရှင်းဆောင်ရွက်ပေးပါရန် လျှောက်ထား" ခဲ့ရာ ဦးအောင်အောင်မျိုးဘက်မှ တွေ့ဆုံညှိနှိုင်းရန် အကြိမ်ကြိမ်အကြောင်းမဲ့ ပျက်ကွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ် (ပြည်နယ်အဖွဲ့ခွဲ)(၈-၁၁-၂၀၂၂)ရက်စွဲပါ "လင်မယားအဖြစ်မှ ချက်ချင်းပြတ်စဲသော သွလားကေဘာအင်န်) တစ်ကြိမ်အတည်ပြု ချမှတ်ပေးပြီးဖြစ်ပါသဖြင့် ဦးအောင်အောင်မျိုးနှင့် ကျွန်မ ဒေါ်နုနုရီမှာ အစ္စလာမ့် တရားတော်အရ လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်ပတ်သက်မှု တစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ကြောင်း ဦးအောင်အောင်မျိုးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အသိပေးကြေညာသူ -**
**ဒေါ်နုနုရီ၁၃/တကန(နိုင်)၁၂၃၄၉၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အမှတ်(ခ/၁၆၉၃)နေ ဦးအောင်သူ ၁၂/လသယ(နိုင်) ၁၉၉၁၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ အမှတ်(၂၂)၊ ယုဇနလမ်း၊ ချမ်းသာရပ်ကွက်နေ ဒေါ်ချိုချိုဝင်း ၁၃/တကန(နိုင်)၀၉၇၁၉၁ ပိုင်ဆိုင်ရောင်းချသော ကျောက်တလုံးမြို့နယ်၊ နောင်ကားအုပ်စု၊ နောင်ယွေးရွာလမ်း၊ OSS ကြေးပြင်နောင်ယွေး ဦးပိုင်အမှတ်(၆)ရှိ အရှေ့အနောက် ပေ(၈၀ x ၈၀)၊ တောင်မြောက် ပေ(၆၀ x ၆၀) ကျယ်ဝန်းသောမြေကွက်အမှတ် A1,A2အား ဒေါ်ချိုချိုဝင်းထံမှ (၁၀-၁၁-၂၀၂၂)ရက်တွင် အပြီးအပိုင်လက်ရောက်ဝယ်ယူပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲနိုင်ထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၅၅၁၇၂)**
**ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၈၉၂၀၇၀၉၅၉**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
## ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ
## ဗုဒ္ဓပူဇနီယ ပွဲတော်ကြီး

| | |
|---|---|
| **ဗုဒ္ဓပူဇာပွဲတော်** | - ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်နေ့ (၇-၁၂-၂၀၂၂ရက်) ဗုဒ္ဓဟူးနေ့၊ နံနက် ၅ နာရီတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအား ဆရာတော် သံဃာတော် အပါး(၉၀)ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်း ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ ဆွမ်း၊ သစ်သီးများ ကပ်လှူပူဇော်ပါမည်။ |
| **ဓမ္မပူဇာပွဲတော်** | - ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက်(၆-၁၂-၂၀၂၂ရက်) အင်္ဂါနေ့၊ နံနက် ၉နာရီ မှ ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃)ရက်၊ (၁၀-၁၂-၂၀၂၂ရက်) စနေနေ့၊ နံနက် ၉ နာရီအထိ အသံမစဲ မဟာပဋ္ဌာန်းတော်ကြီး ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပပါမည်။ |
| **သံဃပူဇာပွဲတော်** | - ၁၃၈၄ခုနှစ်၊ နတ်တော်လပြည့်ကျော်(၄)ရက်၊ (၁၁-၁၂-၂၀၂၂ရက်) တနင်္ဂနွေနေ့၊ ညနေ ၃နာရီတွင် မြတ်စွာဘုရားရှင်ကို အမှူးထား၍ မဟာနဆရာတော်များ၊ တိပိဋကဆရာတော်များ၊ ဩဝါဒါစရိယ ဆရာတော်၊ သံဃာတော်များ ၁၀၈ ပါးနှင့် သီလရှင် ၃၆ ပါးတို့ကို လှူဖွယ်ပစ္စည်းများဖြင့်(၄၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပါမည်။ |

ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲအတွက် သစ်သီး၊ ပန်းများ ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြသော သံဃာတော်များကို နေ့စဉ် ဆွမ်းများ ကပ်လှူခြင်း၊ သံဃပူဇာအဖြစ် သံဃာတော်အရှင်သူမြတ်(၁၀၈)ပါးနှင့် သီလရှင်(၃၆) ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ပန်ကြားအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၉-၂၅၅၇၇၉၇၇၁၊ ၀၉-၆၆၆၀၇၄၁၁၁**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ်သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ အုပ်စုပွဲစဉ်(၁၀)ပွဲ၏ သီဆိုယှဉ်ပြိုင်မှုမှ ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၁၀)ဦးဖြင့် ပြုလုပ်မည့် ဒုတိယအဆင့် Level-2 ပွဲစဉ်(၁၂)တွင် သီဆိုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါ စိတ်ကြိုက်တေးသီချင်း(၁၀)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ဟိုတုန်းကလို | ကချင်ပြည်နယ် | (၁၈-၁၁-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၂) |
| ၂ | အချစ်များလက်ဆောင် | ချင်းပြည်နယ် | |
| ၃ | ဇာတ်တော်ထဲမှာ အလွမ်းဆုံး | ရန်ကုန်တိုင်းဒေသကြီး | |
| ၄ | စိတ်ကူးတောင်ပံများ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၅ | ချစ်စရာ့ပန်း | ပဲခူးတိုင်းဒေသကြီး | |
| ၆ | တမာလမ်းကိုပြန်ခဲ့ပါ | ကရင်ပြည်နယ် | |
| ၇ | လိုသလိုသုံး | ကချင်ပြည်နယ် | |
| ၈ | နန်းတော်ရှေ့ဂန္ဓဝင် | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၉ | မနဲ့မောင် | နေပြည်တော် | |
| ၁၀ | ဇရာ | ဧရာဝတီတိုင်းဒေသကြီး | |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/8637, Myanmar Yangon ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခူးချင် ၁၃/တကန(နိုင်)၁၉၃၇၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်နန်းထွေး ၉/မထလ(နိုင်) ၃၁၅၆၈၂သည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ် (၅)ရပ်ကွက်၊ (၁၁)လမ်း၊ အကျယ်အဝန်း (၆၀x၂၀)ပေ၊ ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်အဆောက်အအုံ အပါအဝင် ရေ၊ မီး အစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်မြမြသင်း ၈/မသန(နိုင်) ၀၈၉၅၀၁ထံမှ တရားဝင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြစုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၃၅)**
**အောင်သီရိလမ်း၊ အမှတ်(၁၄)ရပ်ကွက်၊ (မြင်သာဘုမ္မ)၊ ပခုက္ကူမြို့၊**
**ဖုန်း-၀၉-၇၉၄၆၅၁၀၄၀**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၉ ဆူ | ၂၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၂ ခန်း | ၃၉၃ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၇ တိုင် | ၃ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၉ ခု | ၅၃၃ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၈ ကျင်း | ၁၅၉၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ၊ မြေကွက်အမှတ် ၆၉/၇၀၊ ၀ ဒသမ ၀၈၃ ဧက၏ အစိတ်အပိုင်း ၀ ဒသမ ၀၄၆ ဧက၊ မြေကွက်တည်နေရာအမှတ်(၃၈)၊ (၁၄၈)လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ (ဦးလှကျော်ဖြူ) အမည်ပေါက် မြေပိုင်မြေအား ဦးအောင်သိန်းပါ ခြောက်ဦးက တရားလို ပြုလုပ်၍ ရန်ကုန်(အရှေ့ပိုင်း) ခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၆၈၁/၂၀၁၈(၃၀-၅-၂၀၁၉)ဖြင့် ဦးလှကျော်ဖြူအား တရားပြိုင်ထားရှိကာ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၄၅၃/၂၀၁၉(၁၇-၁၂-၂၀၁၉)ဖြင့် အတည်ပြုခဲ့ပြီး တရားရုံးကိုယ်စား တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဘီလစ်ဒေါ်နိုနိုဝင်း ၇/ညလပ(နိုင်)၁၃၇၃၆၄မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ NRC တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ အပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိနှင့် Portionဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန်နှင့် တရားရုံးအမိန့် ၀ ဒသမ ၀၄၆ဧကဟု ဖော်ပြထားခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း ဝန်ခံကတိတင်ပြထားပါသဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/27344 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Sky Dragon Star Co.,Ltd ၇၁လမ်း၊ ၃၂x၃၃ကြား၊ ချမ်းအေးသာစံမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ်-၈၁၇၊ အကျယ်အဝန်း(၄၀'x၆၀')ရှိမြေကွက်သည် မြေကွက်ချထားခံရသူ ဦးထွန်းရှင်ထံမှတရားဝင်ဝယ်ယူခဲ့သူ ဒေါ်အေးသန္တာမြင့်ထံမှတဆင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်အေး(၁၀/မလမ(နိုင်)၀၀၁၁၇၆)က တရားဝင်ဝယ်ယူပြီး လက်ရှိထားအကျိုးခံစားလျက်ရှိသည့်မြေကွက်ဖြစ်သဖြင့် ဒေါ်မြင့်မြင့်အေးသာလျှင် စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ဒေါ်မြင့်မြင့်အေး၏ခွင့်ပြုချက်မပါရှိပဲ ဆောင်ရွက်ခြင်း၊ ကျူးကျော်ခြင်းများကို ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်ကျော်တင့်** | **ဦးနေနိုင်** |
| (စဉ်-၅၆၃၁) | (စဉ်-၁၃၈၁၄) |

**တရားလွှတ်တော်ရှေ့နေများ**
အမှတ်-၅၀၊ အခန်း(B-1)၊ ပထမထပ်၊ ဘဏ်လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၅၅၁၆၉၀၇၉

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ ၊ ချမ်းအေးသာစံမြို့နယ်မှ ကိုကြင်ထွန်း(ဘ)ဦးနေထွန်း ၉/ခမစ(နိုင်)၀၄၄၅၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူသည် ၂၀၂၂-ခုနှစ် စက်တင်ဘာမှစတင်ပြီး မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း(၈၀)၊ ၂၇x၂၈လမ်းကြား၊ Capital Shopping Mall တတိယထပ်တွင် Spicy hut အမည်ဖြင့် မာလာဟင်း၊ မာလာရှမ်းကော၊ မာလာမောက်ချိုက်နှင့် စားသောက်ဆိုင် ဖွင့်လှစ်လုပ်ကိုင်ခဲ့ပါသည်။ အထက်ပါလုပ်ငန်းနှင့်ပတ်သက်ပြီးFacebook Page Spicy hut Malar pot အမည်ဖြင့် Page ဖွင့်ထားရှိပြီး အထက်ပါ စီးပွားရေးလုပ်ငန်းတစ်ခုတည်းကိုသာ ရိုးသားစွာလုပ်ကိုင်ခဲ့ပါသည်။ ကိုကြင်ထွန်းမှာ JOOM ဆိုသော လုပ်ငန်းနှင့်လည်းကောင်း JOOM အမည်ဖြင့် ဖွင့်ထားသော Telegram group အားလည်းကောင်း သိရှိခြင်းမရှိသကဲ့သို့ အဆိုပါလုပ်ငန်းနှင့်ပတ်သက်ခြင်း၊ ပါဝင်ခြင်း၊ လုပ်ကိုင်ခြင်း တစ်စုံတစ်ခုမှမရှိပါ။

၁၁-၁၁-၂၀၂၂ရက် ည ၇:၀၀ နာရီအချိန်ခန့်တွင် Spicy hut Malar Pot Page နှင့် ၎င်း၏ Facebook, Instagram မှ Spicy hut ဆိုင်ပုံ၊ကိုကြင်ထွန်း၏ ဓာတ်ပုံနှင့်၎င်း၏ ဖုန်းနံပါတ်ကို ခွင့်ပြုချက်မရှိဘဲ ကူးယူပြီး JOOM ဟု အမည်ဖော်ပြထားသည့် Telegram group ထဲတွင် JOOM groupမှ ငွေကြေးများကောက်ခံသွားသူဖြစ်ကြောင်း မဟုတ်မမှန်ရေးသားပြီး ကိုကြင်ထွန်း၏ ဂုဏ်သိက္ခာ ထိခိုက်စေရန်နှင့်၎င်း၏လုပ်ငန်းအား ထိခိုက်နစ်နာပျက်စီးအောင် ပုဂ္ဂိုလ်ရေးပြဿနာ ဖြစ်ပွားအောင် တိုက်ခိုက်လိုသောသဘောဖြင့် ရည်ရွယ်ချက်ရှိရှိ မမှန်ကန်သော အကြောင်းအရာများကို ဖြန့်ဝေခြင်း၊ ရေးသားခြင်းများပြုလုပ်ထားကြောင်း သိရှိခဲ့ရပါသည်။

